# စက်မှုအလင်း ဂျာနယ်

Beacon of Industry

အတွဲ ၁ ၊ အမှတ် ၁၂ ၊ ၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက်

www.industry.gov.mm

စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား စင်ကာပူနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို



(ဓာတ်ပုံ- ပြန်/ဆက်)

စင်ကာပူသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်ရောက်ရှိသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူဝန်ကြီးချုပ်က နိုဝင်ဘာလ ၃၀ ရက်နေ့ညနေပိုင်းတွင် စင်ကာပူနိုင်ငံ Istana သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆိုခဲ့သည်။ စာ - ၄



## မြေဩဇာပြေဆေးထုတ်လုပ်မှုဆိုင်ရာနှင့် စက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရန် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဩစတြေးလျနိုင်ငံသို့ သွားရောက်လေ့လာ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် University of Adelaide တို့၏ဖိတ်ကြားမှုအရ မြန်မာ့ဆေးဝါးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဩစတြေးလျနိုင်ငံသို့ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ သွားရောက်ခဲ့သည်။ စာ - ၂

## ပြည်တွင်းသို့တင်သွင်းမည့်ဓာတုဗေဒပစ္စည်းများအတွက် ထောက်ခံချက်လျှောက်ထားရာတွင် စစ်ဆေးချက်ရလဒ်နှင့်အတူ တင်ပြလျှောက်ထားရမည်

စာ - ၄

မျက်နှာဖုံး မှ-


# မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာနှင့် စက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရန် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဩစတြေးလျနိုင်ငံသို့သွားရောက်လေ့လာ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် University of Adelaide တို့၏ဖိတ်ကြားမှုအရ မြန်မာ့ဆေးဝါးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဩစတြေးလျနိုင်ငံသို့ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် Adelaide မြို့ရှိ University of Adelaide သို့သွားရောက်ခဲ့ပြီး တက္ကသိုလ်ပါမောက္ခချုပ် Prof Alastair Burt နှင့် Department of Foreign Affair & Trade Global Partner for Developing Country ၏အစီအစဉ်ဖြင့် Australia Consortium for Myanmar Health (ACMH) Project မှ တာဝန်ရှိသူများဖြစ်သည့် ပါမောက္ခ Dr. Chen Au Peh, Dr.Julian White, Dr.Afzal Mahmood တို့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာနည်းပညာနှင့်အထောက်အကူပြုပစ္စည်းများ အကူအညီပေးမှုအခြေအနေအား ဆွေးနွေးခဲ့သည်။



အဆိုပါ (ACMH) Project သည် မြန်မာနိုင်ငံ၏မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုတွင် အရေအတွက်နှင့်အရည်အသွေးပိုင်းဆိုင်ရာတိုးတက်မှုအတွက် အကူအညီပေးခြင်း၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအတွက်အခြေခံလိုအပ်ချက်ဖြစ်သည့် မြွေဆိပ်ဖြေဆေးသုံး မြင်းများ၏သေဆုံးမှုနှုန်းကျဆင်းရေးဆိုင်ရာအကူအညီပေးခြင်းနှင့် မြွေဆိပ်ဖြေဆေးအား ကျေးလက်ဒေသအရောက်ဖြန့်ဖြူးခြင်းဆိုင်ရာတို့အား ၂၀၁၄ ခုနှစ်မှစတင်ကာ အကူအညီပေးနေသောစီမံချက်ဖြစ်ကြောင်း သိရသည်။




ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ဩစတြေးလျနိုင်ငံ မြွေဆိပ်ထုတ်လုပ်မှုဌာန Venom Supply အားလည်းကောင်း၊ ညနေပိုင်းတွင် Jacob Creek ခေတ်မီစပျစ်စိုက်ပျိုးရေးနှင့် ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့လည်းကောင်းသွားရောက်၍ ခေတ်မီစပျစ်စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများအား လေ့လာခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မဲလဘုန်းမြို့သို့ဆက်လက်ထွက်ခွာခဲ့ပြီး Seqirus (CSL) ကုမ္ပဏီသို့သွားရောက်၍ အရည်အသွေးထိန်းသိမ်းမှုဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းသုံးတိရစ္ဆာန်ငယ်မွေးမြူထိန်းသိမ်းမှုတို့အား လေ့လာခဲ့သည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (ACMH) Project မှတာဝန်ရှိသူများ၊ ဩစတြေးလျနိုင်ငံ တိရစ္ဆာန်ဆိုင်ရာကျန်းမာရေးဓာတ်ခွဲခန်းမှတာဝန်ရှိသူ Dr.Debbie Eagle, Seqirus (CSL) ကုမ္ပဏီမှ Vice President Chris Larkins နှင့် ကုမ္ပဏီတာဝန်ရှိသူများနှင့်

**စာမျက်နှာ ၃ သို့ -**



# ချည်မျှင်နှင့်အထည်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန ပန္နက်တင်မင်္ဂလာကျင်းပ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အမှတ် (၉) အထည်စက်ရုံခွဲ (အင်းစိန်) ဝင်းအတွင်း ကျင်းပပြုလုပ်သည့် ချည်မျှင်နှင့်အထည်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန အဆောက်အဦပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး သတ်မှတ်ထားသည့်နေရာများ၌ ပန္နက်တိုင်အားစိုက်ထူပေး၍ အမွှေးနံ့သာရည်များပက်ဖျန်းကာ အခမ်းအနားအထိမ်းအမှတ်စုပေါင်းဓာတ်ပုံရိုက်ကူးသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၊ ကိုရီးယားသမ္မတနိုင်ငံ Korea Apparel Testing and Research Institute (KATRI) မှ President Mr.Hyung Gun Park နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

စက်မှုဝန်ကြီးဌာန ချည်မျှင်နှင့်အထည်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုး ရေးဌာနအနေဖြင့် Korea Apparel Testing and Research Institute (KATRI) နှင့်ပူးပေါင်း၍ Joint Venture Company တည်ထောင်ပြီး မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စမ်းသပ်ခြင်း၊ စစ်ဆေးခြင်း၊ အရည်အသွေးထောက်ခံချက်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် အရည်အသွေးကောင်းမွန်သော အထည်အလိပ်ထုတ်ကုန်များထုတ်လုပ်လာနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍပို့ကုန်များ နိုင်ငံတကာသို့ ထိုးဖောက်တင်ပို့ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ အထောက်အကူပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

---

**စာမျက်နှာ ၂ မှ -**

တွေ့ဆုံ၍ မြန်မာနိုင်ငံ၏မြေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာတွင် ဆက်လက်အကူအညီ



ပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို/ကာလရှည်သင်တန်းများစေလွှတ်နိုင်ရေးနှင့် မြွေဆိပ်ဗေဒဆိုင်ရာ သုတေသနပြုမှုနည်းပညာအကူအညီပေးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဩစတြေးလျနိုင်ငံ ကုန်သည်ကြီးများအသင်းသို့သွားရောက်၍ ဗစ်တိုးရီးယားပြည်နယ်ပညာရေးအဖွဲ့နှင့် Australia-Myanmar Institute မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ Technical and Vocational Education Training (TVET) ဆိုင်ရာကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုဆိုင်ရာနှင့်ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ ပညာသင်များစေလွှတ်နိုင်ရေးနှင့် စက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗစ်တိုးရီးယားပြည်နယ် ပါလီမန်အဆောက်အဦတွင် (Small Business, Innovative and Trade) ပြည်နယ် အသေးစားစီးပွားရေး၊ တီထွင်ဆန်းသစ်မှုနှင့်ကုန်သွယ်မှုဆိုင်ရာဝန်ကြီး H.E Philip Dalidakis နှင့်တွေ့ဆုံ၍ ဩစတြေးလျနိုင်ငံမှဝယ်ယူမည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာ မြင်းသွေးရည်ကြည်ထုတ် တစ်ခါသုံးအိတ် Disposable Plasma Bag ဝယ်ယူမှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Victoria Community Center တွင် ဩစတြေးလျနိုင်ငံ၊ မဲလဘုန်းမြို့တွင်နေထိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံမှပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်မှုအခြေအနေနှင့် စက်မှုဝန်ကြီးဌာနမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုဆိုင်ရာအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး ဩစတြေးလျနိုင်ငံရောက် မြန်မာတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ရရှိထားသည့်အတတ်ပညာနှင့်အတွေ့အကြုံများအား မိခင်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အားပြန်လည်ပါဝင်အသုံးချရန် ဖိတ်ခေါ်ပါကြောင်းနှင့်နိုင်ငံတော်မှလည်း အလုပ်အကိုင်အခွင့်အလမ်းများအား ဖွင့်လှစ်ထားပါကြောင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများမှ မေးမြန်းမှုအားပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဩစတြေးလျနိုင်ငံ၊ မဲလဘုန်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ နိုဝင်ဘာလ ၂၆ ရက်နေ့၊ ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ ■



**မျက်နှာဖုံး မှ-**

ယခုအခါ၌ နည်းပညာတိုးတက်လာမှုများနှင့်အတူ ဓာတုပစ္စည်းများကို နေရာတိုင်းတွင်သုံးစွဲလာကြရာ သက်ရှိများ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် ဓာတုပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် (Globally Harmonized System- GHS) စနစ်ကို ကမ္ဘာ့နိုင်ငံအသီးသီးတို့က နိုင်ငံတကာကျင့်သုံးသောစနစ်အဖြစ် လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိကြသည်။

ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်းနိုင်ခဲ့ပြီး နေပြည်တော်အပါအဝင် တိုင်းဒေသကြီး / ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရန်လည်း စီမံဆောင်ရွက်နေရာ မကြာမီအဆိုပါကြီးကြပ်ရေးအဖွဲ့ အမည်စာရင်းများပေါ်ထွက်လာနိုင်ဖွယ်ရှိသည်။

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့တွင် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့ လဆန်းမှစ၍ ပြည်တွင်းသို့တင်သွင်းသည့်ဓာတုဗေဒပစ္စည်းများအား ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ ဓာတ်ခွဲခန်းတွင်ကနဦးစစ်ဆေးပြီး အဆိုပါစစ်ဆေးချက်ရလဒ်နှင့်အတူ တင်ပြလျှောက်ထားကြရန်လည်း ဗဟိုကြီးကြပ်ရေးအဖွဲ့က ညွှန်ကြားထားပြီးဖြစ်သည်။ ထို့အပြင် ဒီဇင်ဘာလဆန်းမှစ၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့်ကုမ္ပဏီများအား လုပ်ငန်းလိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။




မြန်မာနိုင်ငံတွင်လည်း ဓာတုပစ္စည်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် မတော်တဆမှုအန္တရာယ်များနှင့်ဆိုးကျိုးများလျော့နည်းစေရန်ရည်ရွယ်၍ 'ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ' ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင်လည်းကောင်း၊ 'ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများ' ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင်လည်းကောင်း အသီးသီးအတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

အဆိုပါဥပဒေအရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့နှင့် ဗဟို အနေဖြင့် တားမြစ်ဓာတုပစ္စည်း ၆၅ မျိုး၊ ကန့်သတ်ဓာတုပစ္စည်း ၂၉ မျိုးစာရင်းတို့ကို အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ထို့အပြင် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေအရ ဓာတုပစ္စည်းများပြည်တွင်းသို့တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ထောက်ခံချက်ပေးခြင်းများကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှစ၍ အခကြေးငွေကောက်ယူခြင်းမရှိဘဲ စတင်ဆောင်ရွက်ပေးခဲ့ရာ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ကုမ္ပဏီ ၄၂၇ ခုအား ထောက်ခံချက်ပေါင်း ၁,၈၃၇ စောင် စိစစ်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ထောက်ခံချက်ရယူလိုသည့် ကုမ္ပဏီများအနေဖြင့် ဒီဇင်ဘာ ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် (၁/၂၀၁၆) အစည်းအဝေးကို ဇူလိုင်လအတွင်းကကျင်းပခဲ့ပြီး (၂/၂၀၁၆) အစည်းအဝေးကို နိုဝင်ဘာလ ၂၉ ရက်နေ့၊ နေ့လယ်ပိုင်းက နေပြည်တော်၊ ရုံးအမှတ် (၃၀)၊ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခသတ်မှတ်နိုင်ရေး၊ ဓာတုပစ္စည်းအမျိုးအစားအလိုက် မှတ်ပုံတင်ခများသတ်မှတ်နိုင်ရေး၊ အတည်ပြုနိုင်ရေးတို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်းသိရသည်။

**မျက်နှာဖုံး မှ-**

စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူဝန်ကြီးချုပ်က နိုဝင်ဘာလ ၃၀ ရက်နေ့ ညနေပိုင်းတွင် စင်ကာပူနိုင်ငံ Istana သမ္မတအိမ်တော်၌ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်စင်ကာပူဝန်ကြီးချုပ်တို့တွေ့ဆုံ၍ စင်ကာပူနှင့်မြန်မာနှစ်နိုင်ငံအကြား စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သုံးနှစ်သက်တမ်းတိုးမြှင့်သွားရေး၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းမှုများ စတင်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား ၁၉၉၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် အခွန်နှစ်ထပ်ပေးဆောင်မှုရှောင်ရှားရေးသဘောတူစာချုပ်ကို ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းမှုများစတင်ဆောင်ရွက်ရေးနှင့် စင်ကာပူလေကြောင်းလိုင်းကို ပျံသန်းမှုရာသီတစ်ခုအတွက် ခြောက်လခန့် စမ်းသပ်ပြေးဆွဲရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **သတင်းစဉ်**

## 'Market Analysis Tools' Training ဖွင့်လှစ်ပို့ချ



စီးပွားရေးအခွင့်အလမ်းများပေါ်များလာသည့် မြန်မာနိုင်ငံ၌ Export, Import ကဏ္ဍသည် အရေးပါသည့်အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်လာပြီဖြစ်သည်။ အဆိုပါနိုင်ငံတကာ Export, Import ကဏ္ဍများကို လေ့လာနိုင်ရန်အတွက် ICT အသုံးပြုလေ့လာနိုင်မည့် Market Analysis Tools များကို

**စာမျက်နှာ ၆ သို့ -**

## GTI ကျောင်းသားဟောင်းများအသင်း ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ပြည်ထဲရေးဝန်ကြီးဌာန၏ အသင်းဖွဲ့စည်းခွင့်မှတ်ပုံတင် အမှတ် (၂၂၀၃) ဖြင့် ၂၀၁၄ ခုနှစ်တွင် တရားဝင်ဖွဲ့စည်းခွင့်ရရှိခဲ့သည့် GTI ကျောင်းသားဟောင်းများအသင်း (AGTI Society & GTI) ပညာရေးနှစ် (၁၂၀) ပြည့် အခမ်းအနားတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကြသော ကျောင်းအသီးသီးနှင့် အကြိမ် (၂၀) မြောက် အာစရိယပူဇော်ကန်တော့ပွဲအခမ်းအနားတွင် လှူဒါန်းငွေကျပ် ၅ သိန်းနှင့်အထက် ထည့်ဝင်ခဲ့ကြသောစေတနာရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society-MES) တွင် နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက် ၁၀ နာရီတွင်ကျင်းပခဲ့သည်။



အခမ်းအနားတွင် GTI ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ ဦးငြိမ်းအောင်က AGTI ပညာရေးနှစ် (၁၂၀) ပြည့် ဖြတ်သန်းမှုအမှတ်တရအခမ်းအနားတွင် ပါဝင်လှုပ်ရှားကူညီခဲ့ကြသည့်ကျောင်းသား/သူများနှင့်အကြိမ် (၂၀) မြောက် အာစရိယပူဇော်ပွဲတွင် ငွေကြေးထည့်ဝင်လှူဒါန်းခဲ့ကြသည့် ကျောင်းသား/သူများအား ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အင်းစိန်၊ ချောက်၊ ဟင်္သာတ၊ မုံရွာ၊ တောင်ငူ၊ သန်လျင်နှင့်အနယ်နယ်အရပ်ရပ်ရှိ AGTI Society (Brand) အဖွဲ့ခွဲများနှင့် ငွေကြေးထည့်ဝင်လှူဒါန်းခဲ့ကြသည့် စေတနာရှင်များအား ဥက္ကဋ္ဌ ဦးငြိမ်းအောင်နှင့်တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ အလှူရှင်များကိုယ်စား AGTI ကျောင်းသားဟောင်း ဦးတင်ဝင်း (Civil) က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသား/သူများအား နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံခဲ့သည်။

AGTI ကျောင်းသားဟောင်းများအသင်းသည် အခမ်းအနားနှစ်ခုဆောင်ရွက်ရန်အတွက် စေတနာရှင်များ၏လှူဒါန်းမှုများမှ ငွေကျပ်သိန်း ၂,၀၀၀ ကျော်ရရှိခဲ့သည်ဟုသိရ၍ အသင်းအနေဖြင့် နိုင်ငံတော်၏လိုအပ်ချက်ဖြစ်သော ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်လေ့ကျင့်သင်ကြားနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ဟု သိရသည်။

**သန်းဦးလှိုင်**

## Photoshop CS6 (၂/၂၀၁၆) သင်တန်းဆင်း

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများ အသိပညာရရှိစေရန်အတွက် Photoshop CS6 (၂/၂၀၁၆) သင်တန်းဆင်းပွဲကိုနေပြည်တော်၊ ရုံးအမှတ် (၄၁) အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၂၂ ရက်နေ့ နေ့လယ် ၁ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီးသင်တန်းတွင် ပထမဆုရရှိသူ လျှပ်စစ်စစ်ဆေးရေးဌာနမှ ဌာနခွဲမှူး ဒေါ်နွယ်ဦးမွန်အား ဆုချီးမြှင့်၍ သင်တန်းသားကိုယ်စားလှယ်အား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းအား အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ Aptech Center တွင် ၁၄-၁-၂၀၁၆ ရက်နေ့မှ ၂၀-၄-၂၀၁၆ ရက်နေ့ အထိကျင်းပပြုလုပ်ခဲ့သော Certificate of Proficiency in English Communication and Web Designing သင်တန်းသို့ တက်ရောက်ခဲ့သည့် ဌာနခွဲမှူး ဒေါ်နှင်းသီတာထွန်းက အဆိုပါသင်တန်းမှရရှိခဲ့သော အတွေ့အကြုံများအပေါ်အခြေခံ၍ ဦးစီးဌာန (ရုံးချုပ်)ရှိ ဝန်ထမ်း ၁၅ ဦးအား ဩဂုတ်လ ၂၃ ရက်နေ့မှ အောက်တိုဘာလ ၂၅ ရက်နေ့အထိ ရုံးအမှတ် (၄၁)၊ Computer သင်တန်းခန်းမ၌ လုပ်ငန်းခွင်မပျက် အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ နေ့လယ်၁၂ နာရီမှ ၁ နာရီခွဲထိပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





## 'မြန်မာ့ထုတ်ကုန် ဈေးကွက်မြှင့်တင်ရေးပွဲတော်ကြီး' ပုဂံတွင်ကျင်းပမည်

မြန်မာနိုင်ငံအတွင်းထုတ်လုပ်နေသောထုတ်ကုန်များ ပြည်တွင်းဈေးကွက်အသစ်ရှာဖွေနိုင်ရန်၊ နိုင်ငံရပ်ခြားသို့တင်ပို့ရောင်းချနိုင်ရန်နှင့် ပြည်ပဈေးကွက်အသစ်များရှာဖွေနိုင်ရန်အတွက် မြန်မာတို့တန်ဖိုးထားမြတ်နိုးရသော ရှေးဟောင်းယဉ်ကျေးမှုမြန်မာ့နယ်မြေပုဂံတွင် 'မြန်မာ့ထုတ်ကုန်ဈေးကွက်မြှင့်တင်ရေးပွဲတော်ကြီး' ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ဂင်္ဂါရွှေနဒီသဘာဝထုတ်ကုန်ကုမ္ပဏီမှသိရသည်။

'ပုဂံမြို့ဟောင်း ရွှေစည်းခုံဘုရားဝင်းမှာကျင်းပမှာပါ။ ပွဲတော်ကျင်းပချိန်က မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ဒေသခံပြည်သူတွေ ဒီဇင်ဘာလကျောင်းပိတ်ရက်ရှည်ဖြစ်တာကြောင့် ခရီးအသွားအလာများတဲ့အချိန်၊ နိုင်ငံရပ်ခြားက ခရီးသွားဧည့်သည်တွေ နှစ်စဉ်သိန်းဂဏန်းခန့်ပုဂံဒေသကို အများဆုံးဝင်ရောက်တဲ့အချိန်နဲ့ ပုဂံဒေသပတ်ဝန်းကျင်မြို့တွေက ပုဂံဒေသဘုရားပွဲမှာလာရောက်စုရုံးကြတဲ့အချိန်ကို ရွေးချယ်ကျင်းပတာဖြစ်သလို၊ ဒေသထွက်ကုန်ပစ္စည်းတွေကို ဈေးကွက်မြှင့်တင်ဖို့အကောင်းဆုံးအချိန်လည်းဖြစ်ပါတယ်' ဟု ဂင်္ဂါရွှေနဒီသဘာဝထုတ်ကုန်ကုမ္ပဏီမှ ကိုကျော်ခိုင်ထက်ကပြောသည်။

ပွဲတော်ကာလအတွင်း ပြည်တွင်းမှထုတ်လုပ်နေသော စားသောက်ကုန်များနှင့်ဆေးဝါးများကို အရည်အသွေးမှန်ကန်စွာတိုးတက်ကောင်းမွန်စေရန် အစာအာဟာရဆိုင်ရာ၊ သိပ္ပံဆိုင်ရာပညာရှင်ကြီးများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် FOSTA (အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်း) မှအကြံဉာဏ်ကောင်းများရယူနိုင်မည့်အပြင် 'မြန်မာ့အစားအစာနှင့်ဆေးဝါးဈေးကွက်မြှင့်တင်ခြင်း' ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများတွင် ဖျော်ဖြေနေသောရွှေတံဆိပ် (၄) ဆုရှင် ရွှေလဝန်းအနုသုခုမအလက်ာ့ပညာဉ် ဂီတအကပဒေသာဖျော်ဖြေရေးအင်အားစုမှလည်း မြန်မာ့ရှေးဟောင်း မြေဝိုင်းဇာတ်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကပြသွားမည်ဖြစ်ကြောင်း၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ မြန်မာ့ရိုးရာအစားအစာများ၊ အဝတ်အထည်အသုံးအဆောင်များ၊ ဒေသတွင်းထုတ်ကုန်ပစ္စည်းများရောင်းချသည့်ဆိုင်ခန်းပေါင်း ၆၀၀ ကျော်ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား အချိန်နှင့်တပြေးညီ Myanmar Product Trade Show (Bagan) Facebook Page မှအသိပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မင်းထွဏ်း**


စက်မှုအလင်း ဂျာနယ်

**Beacon of Industry Journal**

**စာတည်းမှူးချုပ်**

ဦးကျော်လှိုင်

**ဒုတိယစာတည်းမှူးချုပ်**

ဦးစည်သူဝင်း

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**

ဦးဟိန်းမင်းဇာ

**စာမျက်နှာအပြင်အဆင်**

ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**

ဦးအောင်ကြည်၊ ဦးမင်းထွဋ်ဦး

**ထုတ်ဝေသူ**

ဦးအောင်စိုးရ

ထုတ်ဝေခြင်းလုပ်ငန်း

အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**

ဦးမောင်မောင်လှ

ရွှေနိုင်ငံ (၀၀၂၉၆)

ရန်ကုန်မြို့

**စောင်ရေ ၃၇၀၀**

**ဂျာနယ်တိုက်လိပ်စာ**

ရုံးအမှတ် (၃၀)

စက်မှုဝန်ကြီးဌာန

နေပြည်တော်

ဖုန်း - ၀၆၇ - ၄၀၅၀၅၇

၀၁ - ၂၅၀၆၅၁

E-mail

**beaconofindustry@gmail.com**

**စာမျက်နှာ ၄ မှ-**

မည်ကဲ့သို့အသုံးပြုနိုင်ကြောင်း အခြေခံသင်တန်းကို စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် နိုဝင်ဘာလ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းတွင် Export, Import နှင့်ပတ်သက်သည့် ကိန်းဂဏန်းများရှာဖွေရန်အတွက် Trade Map ကိုလည်းကောင်း၊ International Market ကိုရှာဖွေရန်အတွက် Market Access Map ကိုလည်းကောင်း၊ မိမိတို့၏ထုတ်ကုန်များနှင့်ပတ်သက်သည့် တင်ပို့မည့်နိုင်ငံ၏စံသတ်မှတ်ချက်များကို သိရှိနိုင်ရန်အတွက် Standard Map ကိုလည်းကောင်း အခြေခံသင်ကြားပေးခဲ့ခြင်းဖြစ်ပြီး၊ သင်တန်းအား ဌာနမှသင်တန်းဆရာ ၂ ဦးက ပြန်လည်မျှဝေခြင်းဖြစ်ရာ စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့်စက်ရုံ၊ အလုပ်ရုံများမှအမှုထမ်း၊ အရာထမ်း ၂၀ ဦးတက်ရောက်လေ့လာခဲ့ကြသည်။

အဆိုပါသင်တန်းသည် နိုင်ငံပိုင်စက်ရုံများဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအောင်မြင်ရန်အတွက် သင်တန်းတက်ရောက်သူများမှ ပြန်လည်မျှဝေပေးရန်နှင့် လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

■

## IKBZ Insurance Online Insurance ဝန်ဆောင်မှုစနစ်မိတ်ဆက်



IKBZ Insurance Online Insurance ဝန်ဆောင်မှုစနစ်မိတ်ဆက်ပွဲနှင့်အာမခံကိုယ်စားလှယ်တော်ကြီးများ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၁ ရက်နေ့၊ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Jasmine Palace Hotel ၌ကျင်းပပြုလုပ်ခဲ့ရာ IKBZ Insurance မှဒါရိုက်တာများ၊ ဒုတိယဥက္ကဌ ဦးညီမြင့်၊ ဘဏ္ဍာရေးအရာရှိချုပ် ဦးနေမျိုးအောင်၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့်ဝန်ထမ်းများ၊ အာမခံကိုယ်စားလှယ်တော်ကြီးများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဥက္ကဌဦးညီမြင့်က အမှာစကားပြောကြားပြီး ဘဏ္ဍာရေးအရာရှိချုပ် ဦးနေမျိုးအောင်က Online အာမခံဝန်ဆောင်မှုစနစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် 'IKBZ Insurance မှ မြန်မာနိုင်ငံ၏ပထမဦးဆုံး ခေတ်မီ Online အာမခံဝန်ဆောင်မှုစနစ်သစ်ကိုအသုံးပြုပြီး မိဘပြည်သူများအား ယနေ့မှစ၍အကောင်းဆုံးအာမခံလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အချိန်တိုအတွင်းတိကျမြန်ဆန်၊ မှန်ကန်စွာဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါစနစ်ကိုအသုံးပြု၍ IKBZ Insurance ၏အာမခံလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို ၂၄ နာရီပိတ်ရက်မရှိ လွယ်ကူလျှင်မြန်စွာဖြင့် အချိန်တိုအတွင်း ဝယ်ယူရရှိနိုင်တော့မည်ဖြစ်ကြောင်း' စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် IKBZ Insurance ၏တာဝန်ရှိသူများက အာမခံကိုယ်စားလှယ်တော်ကြီးများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းသည် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့်စီးပွားရေးလုပ်ငန်းများကို ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံ၊ ပြည်သူပြည်သားအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ အားကစားကိုယ်အင်္ဂါထိခိုက်မှုအာမခံနှင့် မွေ့အန္တရာယ်အာမခံတို့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သန်းဦးလှိုင်**

## မောင်တောခရိုင်တွင် ရပ်ဆိုင်းထားသောစာမေးပွဲများ ပြန်လည်ဖြေဆို

ရခိုင်ပြည်နယ်၊ မောင်တောဒေသ၌ အောက်တိုဘာလ ၉ ရက်နေ့ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပိတ်ထားရသောအခြေခံပညာကျောင်းများထဲမှ ထက်ဝက်ကျော်ပြန်လည်ဖွင့်လှစ်ထားကာ နှစ်ဝက်စာမေးပွဲများဖြေဆိုလျက်ရှိကြောင်းကို ခရိုင်ပညာရေးမှူး ဦးအုန်းမြင့်ထံမှ သတင်းရရှိသည်။

အကြမ်းဖက်ခံရခြင်းကြောင့် ကျောင်းတွေပိတ်ထားခဲ့ရသော်လည်း ယခုလက်ရှိမြို့ပေါ်နှင့်ဝန်းကျင်မှာရှိကြတဲ့ကျောင်းတွေ တည်ငြိမ်အေးချမ်းလာသည့်အတွက် အောက်တိုဘာလ ၂၇ ရက်နေ့ကစတင်ဖွင့်လှစ်ပြီး၊ စာမေးပွဲတွေကို နိုဝင်ဘာလ ၂၁ ရက်နေ့က စတင်ဖြေဆိုနေပြီဖြစ်ကြောင်းနှင့် ယင်းခရိုင်အတွင်းကျောင်းပေါင်း ၄၀၀ ကျော်အနက် ၂၀၀ ကျော်ပြန်ဖွင့်ကာ စာမေးပွဲများဖြေဆိုနေကြောင်းသိရသည်။

အဆိုပါခရိုင်တွင် မောင်တောမြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်ဟူ၍ရှိကြရာ မောင်တောတွင်အထက်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၈ ကျောင်းနှင့်မူလတန်းကျောင်း ၅၉ ကျောင်း၊ စုစုပေါင်း ၁၈၃ ကျောင်းရှိထားပြီး၊ ဘူးသီးတောင်မြို့နယ်တွင် အထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၆ ကျောင်းနှင့် မူလတန်းကျောင်း ၁၀၃ ကျောင်း၊ စုစုပေါင်း ၂၁၉ ကျောင်းရှိရာ မောင်တောမြို့နယ်တွင် အထက်တန်းကျောင်း ၉ ကျောင်း၊ အလယ်တန်းကျောင်း ၂၇ ကျောင်းနှင့် မူလတန်းကျောင်း ၃၂ ကျောင်း၊ စုစုပေါင်း ၆၈ ကျောင်းနှင့်ဘူးသီးတောင်မြို့နယ်တွင် အထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၇၂ ကျောင်းနှင့် မူလတန်းကျောင်း ၅၃ ကျောင်း၊ စုစုပေါင်း ၁၃၅ ကျောင်း ပြန်လည်ဖွင့်လှစ်ပြီး စာမေးပွဲများဖြေဆိုလျက်ရှိကြောင်းသိရသည်။

**အောင်သာဝေ (တောင်ကုတ်)**

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကိုဂုဏ်ပြု စွမ်းရည်ပြပွဲနှင့် တေးဂီတဖျော်ဖြေပွဲကျင်းပ

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) မှဦးဆောင်၍ မသန်စွမ်းသူလူငယ် ၂၅ ဦးတို့သည် နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ မုံရွာ-မန္တလေးခရီးစဉ်ကို ဝှီးချဲများတွန်း၍စွမ်းရည်ပြသခြင်း၊ ပြင်ဦးလွင်ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်း 'အောင်စည်ဖြိုးသာ' မျက်မမြင်ခေတ်ပေါ်တေးဂီတအဖွဲ့မှ အမြင်အာရုံအားနည်းသူများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများက တေးဂီတဖြင့်ဖျော်ဖြေ၍ မသန်စွမ်းမှုဆိုင်ရာအသိပညာများဖြန့်ဝေသည်။



ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဌ ဦးမြတ်သူဝင်းဦးဆောင်၍ မသန်စွမ်းလူငယ်များသည် ဒီဇင်ဘာလ ၂ ရက်နေ့၊ နံနက် ၈ နာရီက ခေတ္တရပ်နားရာ စစ်ကိုင်းမြို့မှမန္တလေးမြို့သို့ ဝှီးချဲများတွန်း၍ ဆက်လက်စွမ်းရည်ပြထွက်ခွာရာ ရတနာပုံတံတားထိပ်နှင့်အမရပူရမြို့အဝင်တွင် အမရပူရမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ပြည်သူများကကြိုဆိုကြပြီး စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများပေးအပ်ကြသည်။ **သီဟကိုကို (မန္တလေး)**

## မြေအောက်ရေသုံးစွဲမှုလျှော့ချရန် မြေပေါ်ရေဂါလန်သန်း ၉၀ တိုးမြှင့်ဝေမည့် စီမံကိန်းလုပ်ဆောင်

ရန်ကုန်တိုင်းဒေသကြီးတွင် မြေအောက်ရေသုံးစွဲမှုလျှော့ချရန် ၂၀၂၅ ခုနှစ်တွင် မြေပေါ်ရေဂါလန် သန်း ၉၀ တိုးမြှင့်ဖြန့်ဝေနိုင်မည့် စီမံကိန်းတစ်ခုလုပ်ဆောင်နေကြောင်း ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့မြေအောက်ရေသုံးစွဲမှုအခြေအနေမှာ စိုးရိမ်စရာအနေအထားဖြစ်နေသောကြောင့် မြေပေါ်ရေတိုးမြှင့်ဖြန့်ဝေရမည့်အပြင် ရေဖြန့်ဝေရာတွင်အလေအလွင့်များထိန်းသိမ်းခြင်း၊ မိုးရေခံသိုလှောင်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများလည်းပြုလုပ်ရမည်ဖြစ်ကြောင်းသိရသည်။

မြေအောက်ရေလျှော့ချရန်အတွက် စီမံကိန်းကိုဂျပန်နိုင်ငံမှနည်းပညာကူညီမည့်အပြင် ချေးငွေအဖြစ်အမေရိကန်ဒေါ်လာ ၉၂၀ သန်းအကူအညီဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

မြေအောက်ရေသုံးစွဲမှုမလျှော့ချပါက နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် မြေပြိုခြင်း၊ မြေကျွံခြင်းများဖြစ်ပေါ်နိုင်ပြီး မြေအောက်ရေအရည်အသွေးနိမ့်ကျမှုဖြစ်လာနိုင်သဖြင့် မြေအောက်ရေထိန်းသိမ်းမှုကို ရန်ကုန်အပြင်၊ မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကိုပါ စနစ်တကျထိန်းချုပ်ရန်လိုအပ်ကြောင်းသိရသည်။ **မြို့သားလေး**

# တောင်တက်ကြသူများ

**ရင်ငြိမ်းပန်း**

ဇနီးသည်လျှော်ဖွပ်ပြီးသော အဝတ်စိုများအား နေရောင်ရှိရာ အိမ်ရှေ့ဝရန်တာတွင်လှမ်းပြီး၍ မျက်လုံးအကြည့်က ဟိုးရှေ့ခပ်ဝေးဝေးတွင် မြင်နေရသော ရှမ်းတောင်တန်းကြီးဆီသို့ရောက်သွား၏။

ကျွန်တော်နေထိုင်ရာ နေအိမ်ခန်းက လေးလွှာအပေါ်ဆုံးထပ်မှာရှိ၍ ပတ်ဝန်းကျင်ကိုအပေါ်စီးမှမြင်ရသလို ခပ်ဝေးဝေးရှိရှမ်းတောင်တန်းကြီးကိုလည်း မြင်တွေ့ခွင့်ရနေပါ၏။

ယနေ့အဖို့ ရာသီဥတုကသာသာယာယာရှိသဖြင့် ကျွန်တော်မြင်နေရသော ရှမ်းတောင်တန်းကြီးအား နောက်ခံမိုးသားအပြာရောင်ဖြင့် ထင်ထင်ရှားရှားမြင်နေရ၏။ တစ်ချိန်က ဤလိုတောင်တန်းကြီးများပေါ်၌ ကျင်လည်ကျက်စားခဲ့ရသော အတိတ်၏ အရိပ်များကို စိတ်ကူးရွက်လွှင့်၍ ကောင်းနေတုန်းမှာပင်-

‘ဖေဖေ ကြည့်ရင်နီးတယ်၊ သွားရင်ဝေးတယ်။ အဲဒါဘာလည်း ဖေဖေသိလား။’



ဘယ်အချိန်က ကျွန်တော့်နံဘေးရောက်နေမှန်းမသိရသည့် သားအငယ်ကောင်က ပဟေဠိစကားပြောလာပါသည်။ တကယ်တော့ သားအငယ်ကောင်က ကျွန်တော်ငေးနေတွေးနေမိသည့် အဝေး၌မြင်နေရသော ရှမ်းတောင်တန်းကြီးကိုကြည့်ကာ ဤသို့မေးလာခြင်းဖြစ်ပါလိမ့်မည်။

‘သိတာပေါ့သားရဲ့။ ဟိုးအဝေးမှာမြင်နေရတဲ့ တောင်ကိုပြောတာလေ။’ ဟု လက်ညှိုးညွှန်ရင်း သားကိုအဖြေပေးလိုက်ပါသည်။ သားက ပြုံးပြုံးစိစိလုပ်ရင်း အခန်းတွင်းပြန်ဝင်သွား၍ တော်ပါသေးသည်။ မဟုတ်လျှင် ဖေဖေရောက်ဖူးလား၊ တောင်ပေါ်မှာဘာတွေရှိလဲ . . . လဲ . . . လဲ . . . လဲပေါင်းများစွာနှင့် နောက်ဆက်တွဲမေးခွန်းတွေ ဆက်၍ ပါလာနိုင်သေးသည်။

မြေပြန့်တွင်သာ အနေများသည့် ကျွန်တော့်မိသားစုများကတော့ တောင်ဆိုတာကို အဝေးမှသာမြင်ဖူးနေခြင်းဖြစ်ပြီး တောင်ပေါ်သို့ရောက်ဖူးခြင်းမရှိကြပါ။

တောင်ပေါ်ဒေသ၏ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ပေါက်ရောက်ရာသစ်တောသစ်ပင်၊ ရှင်သန်ရာသားရဲတိရစ္ဆာန်စသည့်တောင်ပေါ်ဒေသ၏ မာယာကိုတော့ တောင်ပေါ်ရောက်ဖူး၊ နေဖူးသူများကသာ သိရှိခံစားနိုင်ကြသလို တောင်တက်ခရီး၏ခက်ခဲကြမ်းတမ်းမှုကိုလည်း တောင်နှင့်ယဉ်ပါးသူတို့သာ ခံစားသိရှိနိုင်ကြမည်ဖြစ်ပါသည်။

သားတော်မောင်၏ မမေးဖြစ်ခဲ့သောနောက်ဆက်တွဲမေးခွန်းများကို ကိုယ့်စိတ်ကူးနှင့်ကိုယ် ဖြေနေမိရင်း တောင်နှင့်ဆက်စပ်သည့် အတွေးသစ်များကလည်း ရုတ်ခြည်းပေါ်လာတွေးဖြစ်ရပြန်သည်။

ကျွန်တော်၏အတွေးသစ်က ‘တောင်’ ကို ဘဝရည်မှန်းချက်အဖြစ်မြင်ကြည့်လိုက်ပါသည်။

တောင်မြင့်မှ ဝေးဝေးကမြင်နိုင်သလို ကျွန်တော်တို့၏ဘဝရည်မှန်းချက်တောင်ကိုလည်း မြင့်မြင့်မှန်းထားစေချင်ပါသည်။ နိမ့်ပါးသည့်ရည်မှန်းချက်နှင့် ရည်မှန်းချက်မဲ့ခြင်းတို့က စမ်းတဝါးနှင့်ခရီးသွားနေရခြင်းမျိုး ဖြစ်နေပါလိမ့်မည်။

ရည်မှန်းချက်တောင်ကို မြင်ရပြီဆိုကြပါစို့။ ဒီတောင်နှင့်မိမိ လက်ရှိနေရာအကွာအဝေး၊ တောင်ကိုသွားရမည့်လမ်း၊ လမ်းခရီးအတွက် ကိုယ်နှင့်တစ်ပါတည်း ယူဆောင်ရမည့်အရာစသည်တို့ကိုလည်း ကြိုတင်တွက်ဆဖြည့်ဆည်းရပါဦးမည်။

ရည်မှန်းချက်က ဝေးသလား၊ ဘာနဲ့ဘယ်လိုသွားမလဲ။ လမ်းကကော အဆင်သင့်ရှိရဲ့လား။ မရှိဘူးဆိုရင် ကိုယ့်လမ်းကိုယ်ဖောက်၊ ဒီလိုဖောက်နိုင်ဖို့ ကိုယ့်မှာဘယ်လိုအားတွေရှိရမလဲ၊ ရှိနေပြီလဲ၊ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့နိုင်မလဲ၊ ဘယ်လိုရင်ဆိုင်ဖြတ်ကျော်မလဲဆိုတဲ့ တောင်တက်ခရီးမစမီ တောင်ခြေရောက်အောင်ခရီးပေါက်ဖို့ ကျွန်တော်တို့တတ်စွမ်းသမျှ ကြိုးပမ်းဖြည့်ဆည်းကြရပါလိမ့်မည်။ ပေါက်သူ၊ ရောက်သူတွေရှိသလို မှောက်သူ၊ ပျောက်သူတွေလည်း ရှိကြပါလိမ့်မည်။

ကျွန်တော်ကတော့ လက်ရှိအခြေအနေနှင့်ချိန်ဆ၍ တောင်၏အဆင့်တစ်နေရာသို့ ရောက်ရှိနေပြီဟု ကိုယ့်ဘာသာကိုယ် မှတ်ယူထားပါသည်။ ငါးဆယ်ကျော်အရွယ်နှင့် မိသားစုငါးဦးကို ဦးစီးဦးဆောင်ပြုနေရသည့် ကျွန်တော်၏ကျန်ရှိသည့် တောင်တက်ခရီးကတော့ ထင်သလောက်ခရီးမပေါက်တာတော့ သေချာပါသည်။ သို့သော် ကျွန်တော့်မိသားစုအတွက် တောင်တက်ခရီးလမ်းကြောင်းကိုတော့ ကျွန်တော်ဖောက်ထားပေးနိုင်ခဲ့ပါသည်။ ရင်းနှီးပေးဆပ်မှုများဖြင့် ကျွန်တော်ဖောက်ပေးထားသည့် လမ်းကြောင်းအတိုင်း ကျွန်တော့်မိသားစု အလိုက်တသင့်လိုက်ပါလာနိုင်ခြင်းကပင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုဟုဆိုနိုင်ပါလိမ့်မည်။ ရှေ့ဆက်တက်ရမည့်ခရီးအတွက် ကျွန်တော့်မိသားစုကအားတစ်ခု ဖြစ်ကောင်းဖြစ်လာပါလိမ့်မည်။ ပုဂ္ဂိုလ်တစ်ဦးချင်းမှသည် အဖွဲ့အစည်းတိုင်း ဤသဘောရှိပါလိမ့်မည်။ ကိုယ့်လမ်းကိုယ်ဖောက်ခရီးပေါက်အောင် ကြံဆောင်ရသလို ဦးဆောင်သူအဖြစ်နှင့်ဖြစ်စေ၊ နောက်လိုက်အဖြစ်နှင့်ဖြစ်စေ ပါဝင်ရတာမျိုးလည်း ရှိနိုင်ပါသည်။

ကျွန်တော်၏သားငယ်ပြောသလိုပင် ကြည့်လျှင်နီး၍ သွားလျှင်ဝေးသော မြေပြင်မှတောင်နှင့်အလားသဏ္ဍာန်တူသော ဘဝရည်မှန်းချက်တောင်ကို လူ့ဘဝရှင်သန်ခိုက် မဖြစ်မနေတက်နေကြရပါဦးမည်။

မည်သို့ပင်ဖြစ်စေ ရည်မှန်းချက်ရှိပြီဆိုမှဖြင့် လမ်းကြောင်းအမှန်နှင့်အားကောင်းမောင်းသန် တက်နိုင်ကြပါစေကြောင်း ဆန္ဒပြုမိပါသည်။

# ကိုယ်စီအလှရှိကြသည်



ဿ အေးရိပ်စို့လွှင်
သစ်တစ်ပင်၏အလှ
တွေ့မြင်ရ၏။
ဿ ရနံ့မွှေးလွင့်
ပန်းတစ်ပွင့်၏အလှ
တွေ့မြင်ရ၏။
ဿ ရစ်ခွေစီးဆင်း
မြစ်တစ်စင်း၏အလှ
တွေ့မြင်ရ၏။
ဿ ကိုယ့်ကိုယ်စီအလှ
သဘာဝနှင့်
လောကအကျိုး
သယ်ဆောင်ပို့သည်
မြတ်နိုးဂုဏ်ယူစရာတည်း။

**မင်းနီခိုင် (မောင်တော)**

CARTOON



# အသက်ရှည်ဆေး၊ အကန်းပျောက်ဆေး၊ အရူးပျောက်ဆေး၊ မသေဆေး

**မောင်ညာဏ် (ရုံးချုပ်)**

ကျွန်ုပ်တို့ကမ္ဘာကြီးတွင် လွန်လေပြီးမရေမတွက်နိုင်သော နှစ်အသင်္ချေက လွန်စွာထူးမြတ်လှသော ဆေးဆရာကြီးတစ်ပါး ပေါ်ထွန်းခဲ့ဖူးလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အသက်ရှည်ဆေး၊ အကန်းပျောက်ဆေး၊ အရူးပျောက်ဆေး၊ မသေဆေးတို့ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဖော်စပ်ခဲ့ပြီး မိမိကိုယ်တိုင်မှီဝဲသောက်သုံးကာ မသေရာဆုထူးကို ရရှိခဲ့လေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် လူ့လောကနှင့် အခြားသက်ရှိလောကများကိုပါ ထိုဆေးဖော်စပ်နည်းများကို အတိအလင်းဟောကြားပေးပြီး ၎င်းတို့ကိုယ်တိုင် ဖော်စပ်သောက်သုံးစေလေသည်။ အချို့မှာ အကန်းရောဂါ၊ အရူးရောဂါများပျောက်ကြ၏။ တချို့လည်း အသက်ရှည်ကြ၏။ လူများစွာနှင့် အခြားသက်ရှိများစွာတို့သည် မသေရာသို့ ဆိုက်ရောက်ကြလေသည်။ ကာလရှည်ကြာသော် လူတို့တန်ဖိုးထားမှုနည်းပါးလာခြင်း၊ လူတို့၏လောဘ၊ ဒေါသ၊ မောဟထူပြောလာခြင်းတို့ကြောင့် ဆေးဖော်စပ်နည်းတို့မှေးမှိန်လာကာ နောက်ဆုံးပျောက်ကွယ်လေတော့သည်။ ထူးခြားသည်မှာ ဆေးအားကိုယ်တိုင်ဖော်စပ်မှသာ ကိုယ်တိုင်သောက်သုံးခွင့်ရှိလေသည်။

ထို့နောက် နှစ်အသင်္ချေကာလကြာမြင့်လာသော် ဒုတိယအကြိမ် လွန်စွာထူးမြတ်လှသော ဆေးဆရာကြီးတစ်ဦး ပေါ်ထွန်းခဲ့ပြန်လေသည်။ ရှေးနည်းတူပင် ဆေးဖော်စပ်နည်းတို့အား အတိအလင်းဟောကြားပေးပြန်၏။ သတ္တဝါအများ မသေရာအတိ ဆိုက်ရောက်ကြလေသည်။ ကာလကြာသော် ရှေးနည်းတူပင် လူတို့လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် ဆေးနည်းလည်းကွယ်ပခဲ့ရပြန်လေသည်။

တတိယအကြိမ်လည်း ရှေးနည်းတူဆေးဆရာကြီးတစ်ဦး ပေါ်ထွန်းခဲ့ပြန်ပြီး ဆေးဖော်စပ်နည်းပေးပြန်၏။ သတ္တဝါအများ အသက်ရှည်ကြ၊ မသေရာ ဆုထူးကိုရကြပြန်သည်။ နောင်တွင် အလားတူဆေးနည်းကွယ်ပြန်လေသည်။

ယခုမှရေတွက်လျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်ကလည်း စတုတ္ထအကြိမ် အသက်ရှည်ဆေး၊ အကန်းပျောက်ဆေး၊ အရူးပျောက်ဆေး၊ မသေဆေးတို့ကိုဖော်စပ်နိုင်ခဲ့သော လွန်စွာထူးမြတ်သည့်ဆေးဆရာကြီးတစ်ဦး ပေါ်ထွန်းခဲ့ပြန်လေသည်။ ထိုဆေးဆရာကြီးသည် မိမိတပည့်များအားဆေးဖော်စပ်နည်းဟောပြောသင်ကြားပေးပြီး ကိုယ်တိုင်ဖော်စပ်သောက်သုံးစေသည်။ ထို့နောက် တပည့်များအား လူအများသိရှိလိုက်နာ ဖော်စပ်သောက်သုံးနိုင်ကြစေရန် ခရီးလှည့်လည်ဟောပြောသင်ကြားစေလေသည်။ ယခုအခါ ထိုဆေးနည်းတို့သည် ဆေးဆရာကြီး၏ကျေးဇူး၊ ၎င်း၏တပည့်များကြိုးပမ်းမှုတို့ကြောင့် ကမ္ဘာအနှံ့တွင် ပျံ့နှံ့ရောက်ရှိနေလေပြီ။

လွန်စွာရခဲ၊ ကြုံခဲလှစွာသော ထိုဆေးဖော်နည်းတို့ကို ကျွန်ုပ်တို့ထိန်းသိမ်းနိုင်မှု၊ တန်ဖိုးထားမှု၊ လေ့လာလိုက်စားမှုအားနည်းလျှင် မှေးမှိန်ကွယ်ပျောက်မှာ အမှန်ပင်ဖြစ်လေသည်။ ထို့ကြောင့် ထိုဆေးဖော်နည်းအချို့အား အကျဉ်းမျှဖော်ပြပေးပါမည်။

**အသက်ရှည်ဆေး**

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းအုပ်ချုပ်နေချိန် ကာသိတိုင်း၌ ဓမ္မပါလအမျိုးအနွယ်တို့နေထိုင်သော ဓမ္မပါလရွာရှိလေသည်။ ထိုအခါ ဘုရားအလောင်း



တော်သည် ဓမ္မပါလမျိုး၌ဖြစ်လေသည်။ 'ဓမ္မပါလလေး' ဟုအမည်တွင်လေသည်။ ဓမ္မပါလရွာသူရွာသားများသည် ကလေးလူကြီးမကျန် ကုသလကမ္မပထတရား (၁၀) ပါးကို ပြုကျင့်ကြကုန်၏။

ဓမ္မပါလလေး ပညာသင်ချိန်ရောက်လာသော် ဖခင်ပုဏ္ဏားကြီးက တက္ကသိုလ်ပြည်သို့ ပညာသင်ရန် လွှတ်လိုက်လေသည်။ ဓမ္မပါလသတို့သား ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်နေချိန်တွင် ဆရာကြီး၏သားငယ်ကလေး သေဆုံးသွားလေသည်။ ဓမ္မပါလအပါအဝင် ကျောင်းသားတို့စုဝေးထိုင်ကြပြီး ပြောကြ၊ ဆိုကြလေသည်။

'ဩော် တို့ဆရာကြီးရဲ့သားသည် ငယ်ရွယ်နုပျိုချိန်မှာပင် အဖေ၊ အမေတို့နှင့်ခွဲခွာသေဆုံးရလေတယ်' ဟု ပြောကြလေသည်။ ထိုအခါ ဓမ္မပါလလေးက- 'အချင်းတို့၊ သင်တို့သည် နုပျိုတယ်လို့လည်း ပြော၏။ သေဆုံးသွားရတယ်လည်း ပြော၏။ နုပျိုချိန်မှာ သေသည်မှာသင့်တော်ပါ့မလား။' ထိုအခါကျောင်းသားများက 'မိတ်ဆွေ ဓမ္မပါလ သတ္တဝါတွေရဲ့ သေခြင်းဆိုတဲ့ သဘာဝရသဘောတရားကို သင်နားမလည်ဘူးလား' ဟုမေးကြလေသည်။

'ကျွန်ုပ်နားလည်ပါတယ်။ ဒါပေမဲ့ ငယ်ရွယ်နုပျိုတဲ့အချိန်မှာ သတ္တဝါတွေဟာ မသေကြဘူး။ အသက်အရွယ်ကြီးရင့်လာမှသာ သေကြရပါတယ်။ မမြဲတဲ့သဘောကို ရောက်ကြရပါတယ်။'

'မိတ်ဆွေဓမ္မပါလ သင့်အိမ်မှာ ဘယ်သူမှ မသေကြဘူးလား။'

'မိတ်ဆွေတို့ သေတော့သေတယ်။ ဒါပေမဲ့ ငယ်ရွယ်တဲ့အချိန်မှာ ဘယ်သူမှမသေကြပါ။ ကြီးရင့်လာမှသာ သေကြရပါတယ်။'

'မိတ်ဆွေဓမ္မပါလ အသက်ကြီးမှသေသည်မှာ သင်တို့အမျိုးရဲ့ထုံးတမ်းစဉ်လာပဲလား။'

'မှန်ပါတယ် မိတ်ဆွေတို့'

ထိုစကားတို့ကို ဒိသာပါမောက္ခဆရာကြီးကြားသော် အံ့ဩတုန်လှုပ်သွားလေသည်။ ထို့ကြောင့် ရက်မကြာမီပင် တပည့်များအား မှာကြားစရာများမှာကြားခဲ့ပြီး မိမိသည် ရက်အနည်းငယ်ခရီးထွက်မည့်အကြောင်း ပြောလေသည်။ ထို့နောက် သိုးတစ်ကောင်၏အရိုးတို့အား အိတ်ထဲသေချာစွာထည့်ပြီး ဓမ္မပါလရွာသို့ ခရီးထွက်ခဲ့လေသည်။

ဓမ္မပါလရွာသို့ရောက်သော် ဓမ္မပါလပုဏ္ဏားကြီးအိမ်ရှေ့၌ ရပ်လေ၏။ ပုဏ္ဏားကြီး၏အိမ်သားတို့သည် ခရီးဦးကြိုပြု၍ နေရာထိုင်ခင်းပေးကြလေသည်။ ဒိသာပါမောက္ခကြီးက 'ပုဏ္ဏားကြီး၊ သင့်သား ဓမ္မပါလလေးသည် အတတ်ပညာတို့ကိုဆုံးခန်းတိုင်တတ်မြောက်ပေပြီ။ သို့သော် မမျှော်လင့်ဘဲရောဂါဖိစီး၍ သေဆုံးသွားပါတယ်' ဟုပြောလေသော် ပုဏ္ဏားကြီးသည် လက်ခုပ်လက်ဝါးတီး၍ ရယ်လေတော့သည်။ ဆရာကြီးက 'ပုဏ္ဏားကြီး၊ သင်မယုံသလော။ အဲဒါ သင့်သားရဲ့အရိုးတွေပဲ' ဟု ပါလာသောအိတ်ကိုဖွင့်၍ အရိုးများကိုပြလေသည်။ ပုဏ္ဏားကြီးက 'ဆရာကြီး ဒါအခြားသတ္တဝါတစ်ကောင်၏ အရိုးများသာဖြစ်လိမ့်မည်။ ကျွန်ုပ်သား ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့တွင် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ကစပြီး နုပျိုငယ်ရွယ်ချိန်၌ မည်သူမျှ မသေဖူးပါ။ ထို့ကြောင့် ဆရာကြီး စကားမယုံပါ' ဟု ပြောလေသည်။ ဆရာကြီးလည်း အမှန်ကိုဝန်ခံ၍ 'သင်တို့သည် အဘယ်အကျင့်ကို တည်ဆောက်၍ ယခုလိုအသက်ရှည်သောအကျိုးကို ရကြပါသနည်း' ဟုမေးလေသည်။ ထိုအခါ ပုဏ္ဏားကြီးက 'ကျွန်ုပ်တို့အမျိုးအနွယ်သည် ကုသလကမ္မပထတရား (၁၀) ပါးကို ကျင့်သုံးကြပါ၏။ မုသားမပြောခြင်း၊ မကောင်းမှုတို့ကို ရှောင်ကြဉ်ခြင်း၊ သူတော်ကောင်းမဟုတ်သူတို့၏ တရားလည်းနာကြားခြင်း၊ သူတော်ကောင်းတို့၏တရားလည်းနာကြားခြင်း၊ သူတော်ကောင်းမဟုတ်သူတို့တရားကို စွန့်ပယ်၍ သူတော်ကောင်းတို့တရားကို လိုက်နာကျင့်သုံးခြင်း၊ ဒါနမပေးလှူခြင်းမှာလည်း ဝမ်းမြောက်ခြင်း၊ ပေးလှူနေစဉ်လည်း ဝမ်းမြောက်ခြင်း၊ လှူပြီးနောက် မပူပန်ခြင်း၊ ရဟန်း၊ ပုဏ္ဏား၊ ခရီးသွားတို့အား ထမင်းအဖျော်တို့ပေးကမ်း၍ တင်းတိမ်ကျေနပ်စေခြင်း၊ သူတစ်ပါးသားမယားအိမ်ရာအား ဖောက်ပြားယွင်းမှားမှုမပြုခြင်း၊ သူ့အသက်ကိုသတ်ခြင်းမှလည်း ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်းမှလည်း ရှောင်ကြဉ်ခြင်း၊ ယစ်မျိုးမှန်သမျှကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော အကျင့်တို့ကိုကျင့်သုံးခြင်းကြောင့် နုပျိုငယ်ရွယ်ချိန်၌ မသေကြခြင်းဖြစ်သည်' ဟု အားရပါးရပြောကြားလေတော့သည်။

ဆရာကြီးလည်း ပုဏ္ဏားကြီး၏ စကားကိုကြားရသောအခါ 'ငါသည် ဒီကိုရောက်လာတာ အကျိုးမမဲ့၊ အကျိုးများစွာရှိလေသည်' ဟုဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အသက်ရှည်ဆေးဖော်စပ်နည်းအား ယူဆောင်ကာပြန်ခဲ့လေတော့သည်။

**အကန်းပျောက်ဆေး**

လွန်စွာထူးမြတ်လှသော ဆေးဆရာကြီးသည် လောက၌အမည်သတ်မှတ်ချက်မျှသာဖြစ်သောအနှစ်အသားမရှိသည့် ပညတ်သဘောနှင့် ဧကန်အမှန် အခိုင်အမာအထင်အရှားရှိသော ပရမတ်တရားတို့ကို သဘာဝယုတ္တိကျကျ ခွဲခြမ်းဝေဖန်သုံးသပ်ပြခြင်းဖြင့် မြင်နိုင်ခဲ့သောပရမတ်တရားများကို ကိုယ်ပိုင်မြင်ရသောဉာဏ်မျက်စိသည် ပွင့်လာလေသည်။ ဤနည်းဖြင့် ဉာဏ်မျက်စိအလင်းရ၍ အကန်းရောဂါပျောက်ကြလေသည်။

**အရူးပျောက်ဆေး**

ပညတ်၊ ပရမတ်တရားတို့ကို ကွဲကွဲပြားပြားသိမြင်လာရသောအခါ ကျွန်ုပ်တို့၏ကြွပ်ဆတ်ဆတ် နှလုံးသားတို့သည် နူးညံ့လာလေသည်။ ပရမတ်တရားများဖြစ်သော ရုပ်၊ စိတ်၊ စေတသိတ်တရားများသာရှိပြီး ၎င်းတို့၏ သဘောအမှန်ကို အကြောင်းအကျိုးနှင့်တကွ သိမြင်လာသောအခါ မှားယွင်းစွာသိမှတ်ထားသော ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ အသက်ကောင်၊ ဝိဉာဉ်ကောင် ဟူသည်မရှိ။ ထို့ကြောင့် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟူသည် တကယ်မဟုတ်။ သင်္ခါရတရားတို့သာဖြစ်သည်ဟူသော အမြင်မှန်သည်ဖြစ်ပေါ်လာခြင်းဖြင့် ပုထုဇဉ်အရူးရောဂါသည် ပျောက်ကြရလေတော့သည်။

စာမျက်နှာ ၉ သို့ -

**စာမျက်နှာ ၈ မှ -**

**မသေဆေး**

မသေဆေးရဖို့အတွက်-

(၁) သေခြင်းတရားတို့သည် အဘယ်နည်း။ မွေးဖွားလာခြင်းသည် သေဖို့အတွက်၊ ဖြစ်လာသမျှသည် ပျက်ဖို့အတွက်၊ ပေါ်လာသမျှသည် ပျောက်ဖို့အတွက်ဖြစ်သည်။ ဘဝရလာခြင်း၊ ခန္ဓာရလာလျှင် သေရမည်ဖြစ်သည်။ ခန္ဓာအစုအဖွဲ့သည် သေခြင်းသဘောရှိ၏။ ထို့ကြောင့် ဆင်းရဲခြင်းအမှန်ဖြစ်၏။

(၂) ထိုသေစေတတ်သောတရားများသည် အဘယ်ကြောင့်ရလာသနည်း။ သေစေတတ်သော၊ ပျက်တတ်သော၊ ပျောက်တတ်သော ခန္ဓာအစုအဖွဲ့တရားသည် ကာမဂုဏ်တို့၌ တပ်မက်သောတဏှာ၊ ဘုံဘဝများကိုရချင်၊ လိုချင်၊ ရောက်ချင်သောတဏှာ၊ ရှေ့ဘဝ၊ နောက်ဘဝဟူသည်မရှိ။ မည်သည့်အရာမှ မလိုချင်သောစိတ်သာစွဲ၍ ထိုစိတ်ကိုပင် စွဲလမ်းသောတဏှာတို့ကြောင့် ရလာခြင်းဖြစ်၏။ ထို့ကြောင့်ဆင်းရဲရ၊ သေရခြင်းအကြောင်းအမှန်ဖြစ်၏။

(၃) သေတတ်သောတရားရှိလျှင် မသေတတ်သောတရားလည်း ဧကန်ရှိရမည်။ ထို့ကြောင့် မသေခြင်းသည် သေခြင်းမှလွန်မြောက်သော၊ ဆင်းရဲခြင်းမှလွန်မြောက်သော ချမ်းသာခြင်းအမှန်ဖြစ်၏။

(၄) သေခြင်းတရားရရှိခြင်း၊ ဆင်းရဲခြင်းအမှန်ရရှိခြင်းအကြောင်းရှိလျှင် မသေခြင်းတရား၊ ချမ်းသာခြင်းအမှန်ရရှိခြင်း အကြောင်းသည်လည်း ရှိရမည်ဟူသော အမှန်တရား ၄ ချက်အားအခြေပြုထား၍ ထိုအကြောင်းတရားတို့မှာ ရှေးကဖော်ပြခဲ့သော အကန်းရောဂါ၊ အရူးရောဂါပျောက်သောသူတို့သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကွာ၍ ပျက်ပျက်သွားသောရုပ်ဓမ္မ၊ နာမ်ဓမ္မ၌သာ ဉာဏ်သည် တွေ့နေ၏။ ထိုသို့သေခြင်းနှင့် သဘောတူသောအပျက်တို့ကို တွေ့ဖန်များလာသောဉာဏ်သည် အပျက်မြင်ရာမှ ထိုအပျက်တို့ကို မုန်းသောဉာဏ်သည်ဖြစ်လာ၏။ ထိုအပျက်တို့ကို မုန်းသောဉာဏ်သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏အပျက်ကိုသာ ဆက်လက်မြင်တွေ့ဖန်များလာသောအခါ ထိုရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့သည် ပျက်တတ်သော၊ သေတတ်သောတရားများဖြစ်၍ သေခြင်း၊ ပျက်ခြင်းသဘောသာတွေ့ရ၏ဟု အပျက်တို့အားငြီးငွေ့လာပြီး အပျက်တို့နှင့်တွေ့နေသောဉာဏ်သည် အပျက်မရှိရာ၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့မရှိရာ၊ သေစေတတ်သောတရားများမရှိရာ မသေရာသို့သက်ဝင်လေသည်။ ဤနည်းသဘောဖြင့် မသေရာသို့ရောက်ကြ၊ မျက်မှောက်ပြုကြလေတော့သတည်း။

ထိုသို့ဆေးဖော်စပ်နည်းများအား ဟောကြားပေးခဲ့သော ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမဟူသော ဆေးဆရာကြီး (၄) ပါးအား ကျွန်ုပ်သည် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ ရှိခိုးပါ၏။

**ကျမ်းကိုး - ဓမ္မပါလသုတ်**
**- မိလိန္ဒပဉှ**

## မုံလည်တောရဓမ္မရိပ်သာတွင် (၇) ရက် တရားစခန်းဖွင့်မည်

ပဲခူးမြို့၊ ရွှေပြည်ဆည်အနီးရှိ မုံလည်တောရဓမ္မရိပ်သာတွင် ဒီဇင်ဘာလ ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အထိ (၇) ရက် တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ စခန်းဝင်တရားကျင့်ကြံပွားများလိုသူများအနေဖြင့် ကြိုတင်ဆက်သွယ်၍ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းသိရသည်။

'အခုတောရစခန်းဖွင့်တာ ၁၈ နှစ်ရှိပါပြီ။ မုံလည်ဆရာတော်ဘုရားကြီးရှိစဉ်ကတည်းက ဒီဇင်ဘာလ၊ ဝါတွင်း ၃ လ၊ သင်္ကြန်ကာလတွေမှာစခန်းကြီး (၅) ကြိမ်၊ (၇) ရက်စခန်းဖွင့်ပါတယ်။ စခန်းဝင်ကာလမှာတော့ တစ်နေ့ (၆) ကြိမ် ပုံမှန်တရားထိုင်ရတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့တရားခွေနာကြားရမယ်။ ပဋိစ္စသမုပ္ပါဒ်စက်ဝန်းလှည့်တရားနာရမယ်။ မုံလည်ဆရာတော်ဘုရားကြီးရဲ့ဗွီဒီယိုတရားနာကြားရမယ်။ မနက် ၄ နာရီက ည ၇ နာရီခွဲအထိ နားတဲ့အချိန်၊ စားတဲ့အချိန်ကလွဲလို့ ကုသိုလ်တရားပွားများရမှာပေါ့။ ဆရာတော်ကြီးချမှတ်ခဲ့တဲ့အတိုင်း စခန်းဝင်ကြေးမရှိပါဘူး။ မှတ်ပုံတင် (မူရင်း) ယူလာရမှာပါ။ အဓိကကတော့ ၇ ရက်စေ့အောင် စခန်းဝင်စေချင်တဲ့သဘောပါ' ဟု မုံလည်တောရဓမ္မရိပ်သာ၏ တိုက်အုပ်ဆရာတော်ဦးကရုဏိက ကမိန့်ကြားသည်။

မုံလည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်မှာ (၆) နှစ်ရှိပြီဖြစ်သော်လည်း၊ နေ့စဉ်ပုံမှန်တရားစခန်းအားဖွင့်လှစ်ထားသည့်အပြင် နှစ်စဉ် (၇) ရက်တရားစခန်း (၅) ကြိမ်ဖွင့်လှစ်လျက်ရှိပြီး ရပ်နီးရပ်ဝေးမှစခန်းဝင်တရားကျင့်ကြံပွားများသူယောဂီများအား ဖိတ်ခေါ်လျက်ရှိကြောင်းသိရသည်။

**မင်းထွဏ်း**


ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

နေတ္တိဋီကာ ကြေးပိဋကတ်တော် အလှူရှင်



ဒေါ်ကြည်မြိုင်

မိသားစု မှ

ကြေးပိဋကတ်တော် (၁၀)ချပ် နှင့်

ကြေးသေတ္တာတစ်လုံး

စုစုပေါင်းတန်ဖိုး - (၄၁၀၀၀၀ိ/ )ကျပ်ကို

ကြေးပိဋကတ် ဦးဆောင်ဆရာတော်ထံ

လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေတောင်းပေါ့ဗေါ်ရွှေ)၊ ကြာတောရရပ်ကွက်၊ မတာန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။


## စာမူနှင့် သတင်းများဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်းအတွေ့အကြုံ များ၊ နည်းပညာဆိုင်ရာ **Internet** သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့် စက်ရုံနယ်မြေအလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ **beaconofindustry @ gmail.com** သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ် အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာတို့ကိုဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**စက်မှုအလင်းဂျာနယ်**

## အခမဲ့အသက်မွေးဝမ်းကျောင်းသင်တန်း လျှောက်လွှာများ စတင်ထုတ်ယူနိုင်

CVT Myanmar သင်တန်းကျောင်းမှ လာမည့် ၂၀၁၇ ခုနှစ်တွင် စတင်ဖွင့်လှစ်မည့်အခမဲ့အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် ဝင်ခွင့်လျှောက်လွှာများထုတ်ယူ၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလကုန် နောက်ဆုံးထားလျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ရန် လာရောက်လျှောက်ထားသောလူငယ်လူရွယ်များကို ပညာအရည်အချင်းနှင့် ဝင်ရောက်လုပ်ကိုင်နေသော လုပ်ငန်းခွင်အမျိုးအစားပေါ်မူတည်၍ သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းပညာရပ်များကို စီစဉ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း CVT Myanmar သင်တန်းကျောင်းမှသိရသည်။

သင်တန်းဝင်ခွင့်လျှောက်လွှာများကို အမှတ် (၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ CVT Myanmar သင်တန်းကျောင်းတွင် ထုတ်ယူနိုင်ပြီး အီးမေးလ်လိပ်စာ info@cvtmyanmar.com သို့လည်း မှာယူနိုင်ကြောင်းသိရသည်။

သင်ကြားပို့ချမည့်သင်တန်းများမှာ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ ပရိဘောဂပစ္စည်းများပြုလုပ်မှု သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း၊ သတ္တုပစ္စည်းများ ထုတ်လုပ်မှုသင်တန်း၊ စီးပွားရေးပိုင်းဆိုင်ရာအထောက်အကူပြုသင်တန်းတို့ဖြစ်ပြီး တစ်ပတ်လျှင်တစ်ရက် သင်တန်းတက်ရမည်ဖြစ်သည်။ သင်တန်းကာလ သုံးနှစ်နီးပါးကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းသို့တက်ရောက်လိုသူများမှာ အသက် ၁၈ နှစ်မှ ၂၂ နှစ်အတွင်းရှိရမည်ဖြစ်ပြီး အနိမ့်ဆုံးပညာအရည်အချင်းရှစ်တန်းအောင်မြင်ထားကာ အင်္ဂလိပ်စာအခြေခံကောင်းမွန်ရမည်ဖြစ်သည်။ လက်ရှိလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေသူများသာ သင်တန်းတက်ရောက်ခွင့်လျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၃၆၇၆၊ ၀၉-၇၃၁၆၆၂၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

**စံမျိုးထက်**

**RESOURCES ARE LIMITED**

**CREATIVITY IS UNLIMITED**

## ဓမ္မစကူးလ်ဂျာနယ်အတွက် စာမူများပေးပို့ရန် ဖိတ်ခေါ်ပါသည်

မြတ်ဗုဒ္ဓ၏အဆုံးအမတရားနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်ကာ လိုက်နာကျင့်သုံးထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်စေရန်၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ နိုင်ငံတော်နှင့်ဗုဒ္ဓသာသနာတော်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေပုံကို မြန်မာနိုင်ငံသူ/သားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိသဘောပေါက်လာစေရန်နှင့် မြန်မာနိုင်ငံသူ/သားများသည် ဓမ္မစကူးလ်မိသားစုနှင့်အတူပူးပေါင်းပါဝင်လက်တွဲကာ နိုင်ငံတော်နှင့်ဗုဒ္ဓသာသနာတော်အကျိုးပြုလုပ်ငန်းများကို တက်တက်ကြွကြွလုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်လျက် ဓမ္မစကူးလ်ဂျာနယ်ကို လစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြတ်ဗုဒ္ဓ၏အဆုံးအမတရားတော်များနှင့်ညီညွတ်သော၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်သော၊ အခြားသောပုဂ္ဂိုလ်၊ ကိုးကွယ်ရာဘာသာနှင့်အဖွဲ့အစည်းတို့ကို မထိခိုက်စေသော၊ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသော ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ၊ ဓမ္မပုံဝတ္ထုများ၊ သတင်းဆောင်းပါးများ၊ ဓမ္မရေးရာသတင်းများနှင့် ဓမ္မစကူးလ်သတင်းများကို ဓမ္မစကူးလ်ဂျာနယ်သို့ ရေးသားပေးပို့ကြရန် အနူးအညွတ်ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ ။ ဓမ္မစကူးလ်ဂျာနယ်၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ရုံး)၊ မြိတ်ကျားကျောင်း၊ အိမ်တော်ရာဘုရားဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရန်ဖုန်း ။ ၀၉-၂၆၂၃၃၃၅၈၈၊ ၀၉-၂၅၄၃၄၇၃၇၄၊ ၀၉-၇၉၉၄၉၅၂၅၄၊ ၀၁-၃၇၇၂၆၇၊ ၀၁-၃၉၅၁၈၀။
Viber ။ ၀၉-၇၇၃၄၆၄၂၉၆၊ ၀၉-၇၈၁၂၈၅၃၁၉။
Email - dhammaschoolfoundation.2012@gmail.com

## စာကြည့်တိုက်များကွန်ယက် (Save the Library) မှ (Android Application) ကို မိတ်ဆက်

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လမ်းမတော်မြို့နယ်၊ (၁၀) လမ်းရှိ သရပါစာသင်ခန်း၌ စာကြည့်တိုက်များကွန်ယက် (Save the Library) မှ စာကြည့်တိုက်ချစ်သူများအတွက် အသုံးပြုနိုင်ပြီး အထောက်အကူပြုနိုင်သည့် Android Application တစ်ခုအား နိုဝင်ဘာလ ၂၉ ရက်နေ့က မိတ်ဆက်ပေးသည်။

ထို Application တွင် လက်ရှိမြန်မာနိုင်ငံ၌ရှိသော စာကြည့်တိုက်များ၏ဓာတ်ပုံများ၊ တိုင်းနှင့်ပြည်နယ်အတွင်းရှိ စာရင်းပေါက်ထားသော စာကြည့်တိုက်များ၊ ထိုစာကြည့်တိုက်များ၏ လုပ်ဆောင်ချက်များနှင့်မှတ်တမ်းဓာတ်ပုံများ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုများကို ထည့်သွင်းထားသည်။ စာကြည့်တိုက်တစ်ခုချင်း၏လှုပ်ရှားမှုနှင့် စာကြည့်တိုက်သမိုင်းကြောင်းများ၊ ဟောပြောပွဲများကိုပါ ဝင်ရောက်လေ့လာနိုင်သည်။ ထို့ပြင် စာကြည့်တိုက်များတွင်ထားရှိမည့်စာအုပ်များနှင့် ဖတ်ရှုသင့်သောစာအုပ်များကိုလည်း ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ မြန်မာစွယ်စုံကျမ်းများကိုလည်း ဖော်ပြထားသည့်အပြင် ကလေးများအကြိုက် ရွှေသွေးဂျာနယ်၊ စာစောင်များအပြင် ဝတ္ထုများကိုလည်း အသံထွက်ဖြင့်နားထောင်နိုင်ရန် စီစဉ်ထားပြီး အသံထွက်ကို Download ဆွဲ၍ ဝင်ရောက်ကြည့်ရှုနိုင်သည်။ အနယ်နယ် အရပ်ရပ်ရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူတစ်ယောက် တစ်လကျပ် ၁,၀၀၀ နှုန်းဖြင့်လှူဒါန်းနိုင်ပြီး၊ ရှင်သန်စာကြည့်တိုက်များကို ၄ လငှားရမ်းခြင်း၊ အပိုင်လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး**

## လှေလှော်နည်းပြသင်တန်း (အဆင့်-၁) သင်တန်းဖွင့်

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၏ သွေးစည်းညီညွတ်ရေးအစီအစဉ်အဖြစ် ဖွင့်လှစ်သည့်လှေလှော်နည်းပြသင်တန်း (အဆင့်-၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက်နေ့၊ နံနက် ၉ နာရီ တွင် ရန်ကုန်မြို့၊ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့်အပြည်ပြည်ဆိုင်ရာလှေလှော်အဖွဲ့ချုပ် (FISA) မှတာဝန်ပေးအပ်သူ၊ နည်းစနစ်ကျွမ်းကျင်သူ အင်္ဂလန်နိုင်ငံမှ Mr. Chris Perry တို့က သင်တန်းဖွင့်အမှာစကားအသီးသီးပြောကြားကြသည်။




'မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်အနေနဲ့ လှေလှော်အားကစားအဆင့်အတန်းတိုးတက်ရေးလုပ်ငန်းများကို ရေတိုရေရှည်စီမံချက်များချမှတ်ပြီး ဆောင်ရွက်အကောင်အထည်ဖော်ရာမှာ ပထမခြေလှမ်းအဖြစ် အရှေ့တောင်အာရှနိုင်ငံများအလယ်မှာ ဗိုလ်စွဲအနိုင်ရရှိရေးအတွက် ဦးစွာကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ အဲဒီ့ကမှတစ်ဆင့် အာရှနိုင်ငံများအတွင်း အောင်မြင်မှုများရရှိရေးနှင့်နောက်ဆုံးအဆင့်အဖြစ် ကမ္ဘာ့နိုင်ငံများအလယ်မှာ အောင်မြင်မှုတွေဆက်လက်ရရှိလာအောင် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပြီး၊ ယခုဖွင့်လှစ်တဲ့ လှေလှော်နည်းပြသင်တန်းအနေနဲ့ မြန်မာ့လှေလှော်အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူပြုပံ့ပိုးပေးနိုင်မယ့် အလွန်ထိရောက်တဲ့သင်တန်းဖြစ်ပါတယ်' ဟုမြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောကြားသည်။

အဆိုပါသင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၃၈ ဦးတို့တက်ရောက်ကြပြီး နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

**သန်းဦးလှိုင်**

## မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ စီစဉ်ထုတ်ဝေသော မညှိုးပန်းမဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ ၃ လတစ်ကြိမ်ထုတ်ဝေမြဲဖြစ်သော မညှိုးပန်းမဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်လျက်ရှိကြောင်းသိရသည်။

အဆိုပါမဂ္ဂဇင်းသို့ စာမူများပေးပို့လိုပါက မသန်စွမ်းမှုအသိပညာပေးသုတ/ရသစာပေများအပြင် အခြားမိမိတို့ကြိုက်နှစ်သက်ရာသုတ/ရသစာပေများကိုလည်း ပေးပို့နိုင်ပြီး၊ သင့်တင့်သောစာမူခများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းမညှိုးပန်းမဂ္ဂဇင်းအား ပုံနှိပ်မဂ္ဂဇင်းအဖြစ်သာမက အွန်လိုင်းမဂ္ဂဇင်းအနေနှင့်ပါ အဖွဲ့၏ Facebook စာမျက်နှာတွင် တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

## အများပြည်သူသုံးနေရာများတွင် မသန်စွမ်းသူများအတွက် အတားအဆီးများကင်းမဲ့ပတ်ဝန်းကျင်ဖော်ဆောင်ရေး လှုပ်ရှားမှုပြုလုပ်

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၏ဝှီးချဲလ်အသုံးပြုသူများကလပ်မှ မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့ပတ်ဝန်းကျင်ဖော်ဆောင်ရေးလှုပ်ရှားမှုကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါလှုပ်ရှားမှုကို အများပြည်သူများအနေဖြင့် မသန်စွမ်းမှုနှင့်ပတ်သက်သည့် အသိပညာများတိုးပွားလာစေရန်၊ အများပြည်သူသုံးနေရာများတွင် မသန်စွမ်းသူများအတွက် အတားအဆီးများဖြစ်ပေါ်နေသည်ကို ဖော်ထုတ်သွားရန်၊ မသန်စွမ်းသူအချင်းချင်း စည်းလုံးညီညွတ်စေပြီး မိမိကိုယ်မိမိယုံကြည်မှုရရှိလာစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသုံးနေရာများဖြစ်သည့် လှည်းတန်းစင်တာအနီး၊ အင်းလျားကန်ဘောင်နှင့်ဂမုန်းပွင့် (စံရိပ်ငြိမ်) တို့တွင် ဝှီးချဲလ်များအသုံးပြု၍ လှုပ်ရှားသွားလာခြင်း၊ ဈေးဝယ်ခြင်းနှင့်ရုပ်ရှင်ကြည့်ခြင်း စသည့်လှုပ်ရှားမှုများဖြင့် အများပြည်သူများအား အသိပညာဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**



# ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ် (၉၄) ရပ်ကွက်၊ အင်ကြင်းလမ်း၊ တိုက် (၃၈)၊ အခန်း (၁၀၁)၊ C ဘလောက်တွင်နေထိုင်သူ ဒေါ်မြတ်ဆုမာ၊ အသက် ၄၀ နှစ်၊ (ဘ) ဦးဝင်းမင်း၊ မှတ်ပုံတင်အမှတ် (မသိ)၊ ဗမာ/ဗုဒ္ဓဘာသာ၏နေအိမ်သို့ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိကြောင်းသတင်းရရှိသဖြင့် ကွင်းဆက်အရ သင်္ဃန်းကျွန်းမြို့မ ရဲစခန်းမှ ရဲအုပ်ဝင်းလွင်ထွန်း၊ တပ်ကြပ်ရဲဝင်းအောင်၊ ဒုတပ်ကြပ်သက်လွင်ဦး၊ ရဲမေရဲတပ်သားဇာဇာလင်းတို့နှင့်အတူ ဒဂုံဆိပ်ကမ်းမြို့နယ်ရဲစခန်းမှ ရဲတပ်ကြပ်သူရိန်တို့ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေဝရမ်းအမှတ် (၁၈/၂၀၁၆) ဖြင့် နိုဝင်ဘာလ ၂၆ ရက်နေ့၊ နေ့လယ် ၁ နာရီခွဲတွင် အထက်ပါနေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဒေါ်မြတ်ဆုမာအား နေအိမ်ရှေ့အပေါက်ဝတွင် ဖမ်းဆီးရမိပြီးသက်သေများဖြင့် ရှာဖွေရာနေအိမ်အနောက်ဘက် တတိယမြောက်အိပ်ခန်းအတွင်းမှ ဝက်ဝံရုပ် (ဖြူဝါကျား) အရုပ်အတွင်းမှ Love is flower တံဆိပ်ပါ အပြာရောင် ဆပ်ပြာခွက်၊ ပလပ်စတစ်အိတ်ဖြင့်ထုပ်ထားသော ဘိန်းဖြူဟုယူဆရသော အဖြူ/ဝါကြားမှုန့် ၁ ဗူးလျှင် ၁၃ ဂရမ်အလေးချိန်ရှိ ဆပ်ပြာခွက်၂ ဗူး၊ ပန်းရောင်ဆပ်ပြာခွက် ၅ ဗူး၊ အနီရောင်ဆပ်ပြာခွက် ၃ ဗူး၊ စုစုပေါင်း ၁၀ ဗူးအတွင်းရှိ အလေးချိန် ၁၃၀ ဂရမ်၊ ကာလတန်ဖိုးကျပ်သိန်း ၁၂၀ တန်ဖိုးရှိအမှုန့်များကိုလည်းကောင်း၊ တိတ်အစိမ်းရောင်ဖြင့်ပတ်ထားသည့် ပလပ်စတစ်အတွင်းမှ အပြာရောင်ပတ္တာအိတ်ဖြင့်ထည့်လျက် တစ်ထုပ်လျှင် ၂၀၀ ပြားစီပါ WY စာတမ်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ စုစုပေါင်းအလေးချိန် ၄၀ ဂရမ်၊ ကာလတန်ဖိုး ၁၂ သိန်းကိုလည်းကောင်း၊ ယင်း၏နေအိမ်အိပ်ခန်းအတွင်းရှိ အလူမီနီယံဘီဒိုဒုတိယထပ်အတွင်းမှ ပန်းပွင့်များပါ မိန်းမဝတ်အင်္ကျီဖြင့်ထုပ်ထားသည့် (JINNY) တံဆိပ်ပါ ချောကလက်ဗူးအတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါကြားအမှုန့်၊ တစ်ဗူးလျှင် ၁. ၃ ဂရမ်ခန့်ပါ ၇ ဗူး၊ စုစုပေါင်း အလေးချိန် ၉. ၁ ဂရမ် ကာလတန်ဖိုးကျပ် ၉၁၀,၀၀၀ အားလည်းကောင်း အသီးသီးတွေ့ရှိရသည်။



ဆက်လက်၍ရှာဖွေစစ်ဆေးရာ ဘီဒိုအောက်ထပ်ရှူးဖိနပ်အနက်ရောင်အတွင်း (JINNY) တံဆိပ်ပါ ချောကလက်ဗူးအတွင်းမှ ဖြူဝါကြားအမှုန့်တစ်ဗူးလျှင် ၁. ၃ ဂရမ်အလေးချိန်ခန့်၊ တန်ဖိုးတစ်သိန်းသုံးသောင်းကျပ်ကိုလည်းကောင်း၊ စာရွက်စာတမ်းပါ ပလပ်စတစ်ဗူးအဖြူဗူးအတွင်းမှ ၀. ၅ ဂရမ်၊ ကာလတန်ဖိုး ၅ သောင်းကျပ်အားလည်းကောင်း၊ ဒေါ်မြတ်ဆုမာ ကိုင်ဆောင်သော FLERDANNAI စာတမ်းပါ အသားရောင်မိန်းမကိုင်ပိုက်ဆံ အိတ်အတွင်းမှ ၀၉၄၅------ နံပါတ်ပါ Vivo အမျိုးအစားအဖြူရောင်ဖုန်းတစ်လုံး၊ ငွေစက္ကူရောရာ သုံးသောင်းကျပ်တို့အားတွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ဒေါ်မြတ်ဆုမာနှင့် ဒေါ်ဝေဝေနှင်း (သင်္ဃန်းကျွန်းရဲတပ်ဖွဲ့ကွင်းဆက်) တို့အား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်းမှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရွှေတိုင်လွင်**

# လုပ်သားများတင်ဆောင်လာသည့်ယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်



မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေး-တကောင်းကားလမ်း၊ ခုနစ်မိုင်ကျေးရွာအုပ်စု၊ ကျောက်ကြီးကျေးရွာအနီးတွင် နိုဝင်ဘာလ ၂၀ ရက်နေ့၊ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်နေ ထွန်းအောင်မောင်းနှင်လာသော 1J/ ......နီဆန်းခြောက်ဘီးယာဉ်သည် တယ်လီဖုန်းတာဝါတိုင်လုပ်သား ၄၆ ဦးတင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ၁၂ ဦးသေဆုံးပြီး၊ ၃၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား သပိတ်ကျင်းဆေးရုံနှင့် ဒဏ်ရာပြင်းထန်သူများအား မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိသည်။ ယာဉ်မဆင်မခြင်မောင်းနှင်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းအား သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

**ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ‘လိင်အကြမ်းဖက်မှုပပျောက်ရေး ကြီးလေးပြစ်ဒဏ်ချမှတ်ပေး’ ကမ်ပိန်း မျှော်စင်ကျွန်းတွင်ပြုလုပ်

သက်ငယ်မုဒိမ်းမှုအပါအဝင် အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်ခံရမှုများ လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ ‘လိင်အကြမ်းဖက်မှုပပျောက်ရေး ကြီးလေးပြစ်ဒဏ်ချမှတ်ပေး’ ကမ်ပိန်းတစ်ခုအား နိုဝင်ဘာလ ၂၇ ရက်နေ့၊ ညနေ ၄ နာရီက ရန်ကုန်မြို့၊ ကန်တော်ကြီးမျှော်စင်ကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါကမ်ပိန်းအား မြန်မာနိုင်ငံရှိပရဟိတအဖွဲ့အစည်းများစုပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးငယ်များ၊ ဆယ်ကျော်သက်အရွယ်အမျိုးသမီးများနှင့် အမျိုးသမီးအားလုံးအတွက် လိင်အကြမ်းဖက်မှုကိစ္စရပ်များလျော့နည်းပပျောက်စေရန်နှင့် အကြမ်းဖက်သူများအား ကြီးလေးသောပြစ်ဒဏ်များချမှတ်ပေးနိုင်ရေးအတွက် လူထုအားဖြင့်စုပေါင်းကျင်းပရခြင်းဖြစ်ကြောင်း၊ Online တွင်မုဒိမ်းမှုများအား တွေ့မြင်ဖတ်ရှုနေရပြီး သမီးရှင်၊ သားရှင်များက ထိတ်လန့်နေရကြောင်း၊




ယခုကဲ့သို့ကိစ္စမျိုးအား ရှက်စရာတစ်ခုအဖြစ် ဖုံးဖိထားတတ်ကြသဖြင့် ပိုမိုဆိုးရွားလာကြောင်း၊ ယင်းသို့ကိစ္စမျိုးထပ်မံမဖြစ်ပွားစေရန် မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ဆိုသည့် Target ထား၍ ယခုကဲ့သို့ကမ်ပိန်းကိုကျင်းပခြင်းဖြစ်ကြောင်း၊ ကမ်ပိန်းဖြစ်မြောက်ရေးတာဝန်ရှိသူ ဒေါ်အိဖြူအောင်က ပြောကြားသည်။

ယင်းကမ်ပိန်းသို့တက်ရောက်ခဲ့သည့် ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ် အမှတ် (၁) မှလွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ‘ဒီနေ့အရွယ်မရောက်တဲ့ ကလေးငယ်တွေအတွက် သက်ငယ်မုဒိမ်းမှုတွေကို ကြီးလေးပြစ်ဒဏ်ချမှတ်ပေးဆိုတဲ့ ဆောင်ပုဒ်ဟာ အင်မတန်ကောင်းမွန်ပါတယ်။ အခု ဆယ်ကျော်သက်ကလေးတွေမဟုတ်တော့ဘူး။ အသက်ဆယ်နှစ်အောက်ကလေးငယ်တွေ သားကောင်အဖြစ်မတရားပြုကျင့်ခံနေရတယ်။ ဒါတွေကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့လိုလာပါပြီ။ အဆောတလျင်တားမြစ်မှုဖြစ်မှာပါ’ ဟုပြောကြားခဲ့သည်။

ကမ်းပိန်းတွင် ‘လိင်အကြမ်းဖက်မှုရပ်’ စာတန်းပါဆိုင်းဘုတ်များ၊ ဗီနိုင်းများကိုင်ဆောင်၍ ပါဝင်လှုပ်ရှားခဲ့ကြသည့်အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျော့ကျရေးနှင့်ပတ်သက်သည့် အသိပညာပေးစာအုပ်စာတမ်းများဝေငှခြင်းနှင့် ကမ်ပိန်းသို့တက်ရောက်လာသူများမှ ဖယောင်းတိုင်များထွန်းညှိကိုင်ဆောင်၍ အကြမ်းဖက်မှုရပ်တန့်ရေးလှုပ်ရှားမှုအား ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

**မင်းထွဏ်း**

## မြန်မာ့အုန်းထမင်းနှင့်ကြက်သားဟင်း အလွတ်တန်းပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီး

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) မှကြီးမှူးကျင်းပသည့် မြန်မာ့အုန်းထမင်းနှင့်ကြက်သားဟင်း အလွတ်တန်းပြိုင်ပွဲကြီးအား ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ မိုင်တာကွင်း၌နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ထိစပ်နေသောနိုင်ငံဖြစ်သည့်အားလျော်စွာ အုန်းသီးဖြင့်ပြုလုပ်သောမုန့်များ၊ အချိုပွဲများ၊ ဟင်းများနှင့်ဒေသအစားအစာများအလွန်များပြားစွာ ပြုလုပ်စားသုံးလေ့ရှိကြသည်။ ထို့အပြင် မြစ်ဝကျွန်းပေါ်ဒေသနှင့် အခြားကုန်းတွင်းပိုင်းဒေသများတွင် အုန်းပင်များ အများအပြားပေါက်ရောက်လေ့ရှိရာ အုန်းသီး၏အရသာကိုထည့်သွင်းချက်ပြုတ်သည့် မြောက်မြားလှစွာသောအစားအသောက်များထဲတွင် မြန်မာ့ရိုးရာအုန်းထမင်းသည် အလွန်လူကြိုက်များထင်ရှားသော ရိုးရာအစားအသောက်တစ်ခုဖြစ်ရာ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအနေဖြင့် မြန်မာ့ရိုးရာဓလေ့အစားအသောက်ကိုပြန်လည်ဖော်ထုတ်လိုသောအားဖြင့် ဤပြိုင်ပွဲကြီးအားပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအား Round (A), Round (B) အဆင့်မှစတင်ယှဉ်ပြိုင်ရပြီး Quarter Final, Semi Final အဆင့်ဆင့်ယှဉ်ပြိုင်ရသည်။ Final အဆင့်အနိုင်ရရှိသူသည် Myanmar Coconut Rice With Chicken OPEN CHAMPIONSHIP 2016 ချန်ပီယံဆုနှင့်အတူ ဆုငွေကျပ် ၅ သိန်း၊ ဂုဏ်ပြုလက်ဆောင်များနှင့်အဓိကကူညီပံ့ပိုးပေးခဲ့သော Unilever Food Solution မှပေးအပ်သော 'UFS Most sufficient Award' ဆုကိုရရှိပြီး ဒုတိယဆုမှာ ဆုတံဆိပ်နှင့်ဆုငွေကျပ် ၃ သိန်း၊ ဂုဏ်ပြုလက်ဆောင်များလည်းရရှိမှာဖြစ်ရာ ယှဉ်ပြိုင်ပွဲ၌ပထမဆုကို ဒေါ်နေခြည်လင်းအဖွဲ့ကလည်းကောင်း၊ ဒုတိယဆုကို ဒေါ်ခိုင်စန္ဒာဝင်းအဖွဲ့ကလည်းကောင်း ရရှိသွားကြောင်းသိရသည်။

**KMC**

## ရွှေပြည်သာစက်မှုဇုန်၌ ရေဆိုးသန့်စင်စနစ် နည်းပညာဟောပြော



ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း (၁) စီမံခန့်ခွဲရေးရုံးအစည်းအဝေးခန်းမတွင် နိုဝင်ဘာလ ၂၀ ရက်နေ့၊ နံနက် ၁၁ နာရီက GOSHU-AI ECO BUSINESS Co.,Ltd. မှတာဝန်ရှိသူများက ရေဆိုးသန့်စင်စနစ်နည်းပညာများ ဖြန့်ဝေဟောပြောခဲ့သည်။

အဆိုပါနည်းပညာဟောပြောပွဲသို့ ရွှေပြည်သာစက်မှုဇုန်ဥက္ကဋ္ဌနှင့်ဇုန်ကော်မတီဝင်များ၊ စက်ရုံ/အလုပ်ရုံလုပ်ငန်းရှင်များ၊ စက်ရုံကိုယ်စားလှယ်များတက်ရောက်ကြပြီး ရေဆိုးသန့်စင်ခြင်းဖြင့်ရရှိလာနိုင်မည့် အကျိုးကျေးဇူးများနှင့် စက်ရုံအလုပ်ရုံမှတက်ရောက်လာကြသူတို့၏မေးမြန်းချက်များကို ကုမ္ပဏီမှတာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

**ရွှေတိုင်လွင်**

## မောင့်ကိုချစ်ဖို့ မွေးဖွားလာပါတယ်ဆိုတဲ့ BARBARA

ဂီတမှူး စန္ဒယားကွန်းဇော်ရေးစပ်တီးခတ်၍ တက္ကသိုလ်လဲ့လဲ့ သီဆိုအောင်မြင်ကျော်ကြားခဲ့သည့် တေးသီချင်းများစွာထဲမှ အကောင်းဆုံးတေးများအား အမေရိကန်နိုင်ငံဆန်ဖရန်စစ္စကိုမြို့မှအဆိုရှင်ဘာဘရာ(BARBARA) မှ ပြန်လည်ခံစားသီဆိုထားသည့် 'မောင့်ကိုချစ်ဖို့မွေးဖွားလာပါတယ်' တေးသီချင်းခွေမိတ်ဆက်ပွဲကို နိုဝင်ဘာလ ၂၃ ရက်နေ့က ရန်ကုန်မြို့အလုံပြဘုရားလမ်းရှိ Park Royal Hotel တွင် ကျင်းပခဲ့သည်။

မိတ်ဆက်ပွဲသို့ မြန်မာ့သံဂီတဝါရင့်ပညာရှင်ကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး နာယကစည်သူဘာဘိုလ်ကလေးတင့်အောင်က ဩဝါဒအမှာစကားပြောကြားသည်။ ယင်းနောက်စန္ဒယားကွန်းဇော်နှင့် တက္ကသိုလ်လဲ့လဲ့တို့က တေးသီချင်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဆိုရှင်ဘာဘရာက မြန်မာသံတေးသီချင်းများ သီဆိုဖြစ်ခဲ့ခြင်းအားလည်းကောင်း မိတ်ဆက်စကားအသီးသီးပြောကြားသည်။

အဆိုရှင် ဘာဘရာမှာ 'ငယ်ချစ်ဦး'၊ 'မီးရင်ထဲက ဦး'၊ 'အကြွေပန်းရယ်လွမ်းမပြေ' စသည့်မြန်မာသံတေးသီချင်းများထွက်ရှိထားသူဖြစ်ပြီး စတုတ္ထမြောက်အခွေဖြစ်သည့် 'မောင့်ကိုချစ်ဖို့ မွေးဖွားလာပါတယ်' တေးသီချင်းခွေအား ထင်ရှူးရိပ်တေးသံသွင်းမှ ဒီဇင်ဘာလတတိယပတ်တွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်းသိရှိရသည်။

**မင်းထွဏ်း**




ကျောဖုံး မှ -

လုပ်မှုနည်းပညာထောက်ပံ့ပေးခြင်း အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနမှူး ဦးမျိုးထွဋ်ဆွေနှင့်ရမည်းသင်းခရိုင်ရှိ စပျစ်သီးစိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရများနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်း ၉၆ ဦးခန့်တက်ရောက်ခဲ့သည်။

ဆက်လက်၍ အရည်အသွေးကောင်းမွန်သည့် စပျစ်သီးနှင့်စပျစ်ဝိုင်ထုတ်လုပ်မှု နည်းပညာပံ့ပိုးပေးသည့်သင်တန်းကို နိုဝင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၌ကျင်းပပြုလုပ်ခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စပျစ်ကျွမ်းကျင်ပညာရှင်ဖြစ်သူ ဒေါက်တာ Mrs. Anne Westendorp က သင်တန်းပို့ချမည့်အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပညာရှင်မှ စပျစ်သီးစိုက်ပျိုးသည့်နည်းပညာများအား စာတွေ့ပို့ချခဲ့ပြီး စပျစ်စိုက်ပျိုးရေးခြံများသို့သွားရောက်လေ့လာ၍ မြေ၏ pH ဓာတ်တိုင်းတာမှုနှင့်မြေဩဇာသုံးစွဲမှုများအကြောင်း၊ စပျစ်ဝိုင်ထုတ်လုပ်သည့် နည်းပညာများအကြောင်း စာတွေ့၊ လက်တွေ့ရှင်းလင်းပို့ချကာ လုပ်ငန်းရှင်များဈေးကွက်ရရှိနိုင်ရန် သိသင့်သည့်အခြေအနေများကို ရှင်းလင်းပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ စပျစ်သီးနှင့်စပျစ်ဝိုင်စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းရှင် စုစုပေါင်း ၅၄ ဦးခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။

# Android တွေ သတိထား

သင့်မှာ Android ဖုန်းတစ်လုံးပိုင်ဆိုင်ထားပါသလား?

ဒါဆို သင့်ရဲ့သတင်းအချက်အလက်တွေခိုးယူခံရဖို့ သေချာသလောက်ရှိနေပါပြီ။

'kryptowire' ဆိုတဲ့ 'Mobile Enterprise Security Firm' သုတေသနအဖွဲ့တစ်ဖွဲ့က ဒီအပတ်ထုတ် New York Times မှာ ဖွင့်ချရေးသားထားတာကတော့-

'ကမ္ဘာပေါ်မှာ လက်ရှိအသုံးပြုနေတဲ့ Android ဖုန်းပေါင်းသန်း ၇၀၀ ရဲ့သတင်းအချက်အလက်တွေကို Software တစ်ခုကစုစည်းခိုးယူပြီး တရုတ်အခြေစိုက်ကုမ္ပဏီတစ်ခုရဲ့ Server ထဲကို ၃ ရက်တစ်ကြိမ်နှုန်းနဲ့ ပေးပို့ခံနေရပါတယ်' လို့သိရပါတယ်။

အဲဒီလိုပေးပို့နိုင်အောင် Secret backdoored software Program တစ်ခုကို တရုတ်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Shanghai AdUps Technology က ရေးသားအသုံးပြုခဲ့တာဖြစ်ပါတယ်။ အဲဒီ Software ကို Android ဖုန်းမှာ Install လုပ်လိုက်တာနဲ့ ဖုန်းထဲမှာရှိနေတဲ့ SMS စာသားတွေ၊ ဖုန်းခေါ်ဆိုမှုမှတ်တမ်းတွေ၊ Contact List တွေ၊ Location History တွေနဲ့ သင့်ရဲ့ကိုယ်ရေးသတင်းအချက်အလက်တွေကို စုစည်းခိုးယူပြီး အဲဒီကုမ္ပဏီရဲ့ Sever ထဲကို ၇၂ နာရီ၊ ဒါမှမဟုတ် ၃ ရက်တစ်ကြိမ်ကျ တိတ်တဆိတ်ပေးပို့ခံရမှာဖြစ်ပါတယ်။




kryptowire




တကယ်တော့ AdUps ကုမ္ပဏီဟာ ကမ္ဘာပေါ်ရှိနိုင်ငံအတော်များများကို Android ဖုန်းတွေထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတဲ့ ZTE နဲ့ Huawei ကုမ္ပဏီကြီးတွေကို အထောက်အကူပေးနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ အမေရိကန်အာဏာပိုင်အဖွဲ့အစည်းတွေကတော့ အဲဒီ Software ဟာ မတော်တဆတိုက်ဆိုင်မှုသက်သက်မဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိဖန်တီးထားတာဖြစ်ပြီး၊ အခုလို Data တွေစုစည်းခိုးယူမှုဟာ စီးပွားရေးကြော်ငြာတွေအတွက်လား၊ အစိုးရရဲ့စုံစမ်းထောက်လှမ်းမှုတွေလား ဆိုတာကို သဲသဲကွဲကွဲမသိနိုင်သေးဘူးလို့ဆိုပါတယ်။

HUAWEI ZTE中兴

သေချာတဲ့သက်သေတစ်ခုကတော့ Amazon နဲ့ Best Buy တို့လို Online Shopping ကတစ်ဆင့် အမေရိကတိုက်နဲ့ တောင်အမေရိကတိုက်တွေက နိုင်ငံအတော်များများကို ဖြန့်ဖြူးရောင်းချပေးနေတဲ့ Florida အခြေစိုက် BLU ဖုန်းကုမ္ပဏီထုတ် BLURI HD Android ဖုန်းတွေမှာ အဲ့ဒီ Software ကို Secret Backdoor အနေနဲ့ ထည့်သွင်းခံထားရတာကို ဖော်ထုတ်သိရှိခဲ့ရတယ်လို့ Kryptowire အဖွဲ့ကပြောပါတယ်။

amazon web services







အဲဒီ Software ရဲ့စွမ်းဆောင်နိုင်မှုတွေကတော့-

- Android ဖုန်းတွေမှာရှိတဲ့ SMS စာသားတွေကို ၇၂ နာရီ (သို့) ၃ ရက်ကိုတစ်ကြိမ် AdsUps Server ထဲကို စုစည်းပေးပို့နိုင်ပါတယ်။
- ဒါ့အပြင် ဖုန်းခေါ်ဆိုမှုမှတ်တမ်း (Call Logs) တွေကိုလည်း ၃ ရက်တစ်ကြိမ် စုစည်းပေးပို့ပါတယ်။
- ၂၄ နာရီ (သို့) နေ့စဉ်နေ့တိုင်းဖုန်းကိုင်ဆောင်သူတွေရဲ့ ကိုယ်ရေးစိစစ်မှုအချက်အလက် (Personally Identifiable Information-PII) တွေကို စုစည်းပေးပို့ပါတယ်။
- နောက်ပြီး Android ဖုန်းတွေရဲ့ Cellular Network တစ်ခုမှာရှိတဲ့ User Identity လုပ်တဲ့ IMSI (International Mobile Subscriber Identity) နဲ့ Device တွေကို မှတ်ပုံတင်တဲ့ IMEI ( International Mobile Station Equipment Identity) ဆိုင်ရာ အချက်အလက်တွေကိုပါ စုစည်းပေးပို့ပါတယ်။
- Geolocation လို့ခေါ်တဲ့ ဖုန်းတည်နေရာတွေကိုလည်း စုစည်းပေးပို့တဲ့အပြင် အဲဒီဖုန်းတွေမှာပါတဲ့ Apps တွေရဲ့ စာရင်းကိုလည်း ပေးပို့နေတယ်လို့သိရပါတယ်။
- ပိုဆိုးတာက ဖုန်းကိုင်ထားတဲ့ကာယကံရှင်တွေမသိရဘဲ Apps တွေကို Download and Install လုပ်တာပါပဲ။ နောက်ပြီး Apps တွေကို အဆင့်မြှင့်တင်တာ၊ ဒါမှမဟုတ် ဖယ်ရှားပစ်တာတွေကိုလည်း ထိန်းချုပ်လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။
- ဖုန်းတွေထဲမှာပါတဲ့ Firmware တွေကို Update လုပ်ပြီး သူ့ဘာသာသူ reset လုပ်ပစ်ပါတယ်။
- အဆင့်မြင့်ဆုံးစွမ်းဆောင်နိုင်မှုတစ်ခုကတော့ Android ဖုန်းတွေကို အဝေးကနေထိန်းချုပ်လွှမ်းမိုးနိုင်စွမ်းရှိတာပါပဲ။
- ဒီလျှို့ဝှက် Software ကို Application ပုံစံ (၂) မျိုးနဲ့ တွေ့နိုင်ပါတယ်။ ဒါတွေကတော့ 'com.adups.fota.sysoper' နဲ့ 'com.adups.fota' တို့ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစနစ်တွေကို User တွေကဖျက်တာ၊ ဖယ်ရှားတာတွေ လုပ်လို့မရပါဘူး။

BLU ကုမ္ပဏီကတော့ သူတို့ထုတ်လုပ်တဲ့ဖုန်းပေါင်း ၁၂၀,၀၀၀ နီးပါးမှာ အဲဒီ Software ဝင်ရောက်နေလို့ ဖယ်ရှားပစ်ခဲ့ရတယ်လို့ဆိုပါတယ်။

Kryptowire အဖွဲ့က BLU R1HD smartphone တွေကို လက်လီရောင်းချပေးနေတဲ့ Amazon ကိုသာမက google ကုမ္ပဏီကြီးကိုလည်း မဆိုင်းမတွသတိပေးထားပြီဖြစ်တယ်လို့ ပြောပါတယ်။ google ကတော့ အဲဒီ AdUps ကုမ္ပဏီဟာ အခြားဖုန်းကုမ္ပဏီတွေနည်းတူ ကျယ်ပြန့်စွာလုပ်ဆောင်နေတာဖြစ်ပေမယ့် ဒီလို Secret Software တစ်ခုကို ဖြန့်ဝေနေလိမ့်မယ်ဆိုတာ မသိခဲ့ရပါဘူးလို့ ဆိုပါတယ်။

AdUps ကုမ္ပဏီကတော့ Kryptowire အဖွဲ့စုံစမ်းဖော်ထုတ်ခဲ့တဲ့ Software ဟာ အမေရိကန်ဖုန်းဈေးကွက်ထဲက စမတ်ဖုန်းတွေအတွက် ရည်ရွယ်ပြီးလုပ်ဆောင်တာမဟုတ်ဘဲ ဖုန်းထုတ်လုပ်နေတဲ့တရုတ်ကုမ္ပဏီတွေအနေနဲ့ ဖုန်းအသုံးပြုသူတွေရဲ့ အပြုအမူလုပ်ဆောင်ချက်တွေကို စောင့်ကြည့်နိုင်ရေးအတွက် အထောက်အကူပြုပေးတာလို့ စောဒကတက်ခဲ့ပါတယ်။

ကဲ အခုသင့်လက်ထဲက Android ဖုန်းတွေရဲ့ လုံခြုံမှုအဆင့်အတန်းကို ပြန်လည်ဆန်းစစ်ကြပါစို့။

ကိုးကားချက် ။ 'Pre-installed Backdoor on 700 million Android Phone Sending Users' Data to China' by Swati Khandelwal (Technical Writer, Security Blogger and IT Analyst) (15.11.2016, **www.thehackernews.com**)

**သန့်အေးဇော် (AMT)**

## အမျိုးသမီးများအကြမ်းဖက်ခံရမှုကာကွယ်ရေး မန္တလေးငါးမြို့နယ်အတွင်း လှည့်လည်လှုံ့ဆော်

မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများအကြမ်းဖက်ခံရမှုကာကွယ်ရေး တစ်မျိုးသားလုံးသိရှိစေရန် ဖွံ့ဖြိုးမြှုလုပ်ရှားမှုအဖြစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှစတင်ကာ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ မန္တလေးငါးမြို့နယ်အတွင်း လှည့်လည်လှုံ့ဆော်လျက်ရှိသည်။ အမျိုးသမီးများအနေဖြင့် ကျား/မ အခြေပြုခွဲခြားဆက်ဆံခံနေရမှုများကို ပြည်သူလူထုသိရှိစေရန်နှင့် အမျိုးသမီးများ အကြမ်းဖက်မှုလျော့ပါးစေရေးလုပ်ဆောင်ရာတွင် ပြည်သူလူထုပါဝင်စေရန်ရည်ရွယ်၍ 'အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသောကမ္ဘာဆီသို့ လူတိုင်းလုံခြုံမှုရစေဖို့ အသိပညာဖြန့်ဝေစို့' ခေါင်းစဉ်ဖြင့် အသိပညာပေးကမ်ပိန်းများပြုလုပ်လျက်ရှိသည်။ လှည့်လည်ဖျော်ဖြေရာတွင် နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးတေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ဟောပြောခြင်း၊ ဖဲကြိုးဖြူများဝေငှခြင်းများကို မန္တလေးအချက်အချာကျနေရာများ၊ ဈေးများ၊ ယာဉ်ရပ်နားကွင်းများတွင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (၂၇) ကြိမ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ သီရိရတနာခန်းမတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှကျင်းပပြုလုပ်သော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (၂၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာလ ၂၁ ရက်နေ့၊ နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ UNICEF မှဌာနေကိုယ်စားလှယ် Mr.Bertrand Bainvel က အကြိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပေးခဲ့သည်။

လူမှုဝန်ထမ်းလူငယ်သင်တန်းကျောင်းအသီးသီးမှ တက်ရောက်လာကြသောကလေးငယ်များက မြန်မာ့ရိုးရာဦးရွှေရိုးအက၊ တေးသရုပ်ဖော်အက၊ ဇာတ်လမ်းဇာတ်ကွက်များ တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများတက်ရောက်ကြသည်။ ထို့နောက် ကလေးငယ်များက ပန်းချီ၊ ကာတွန်းပုံများရေးဆွဲဆေးချယ်ခဲ့ကြပြီး အခမ်းအနားကိုအောင်မြင်စွာကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**ရွှေတိုင်လွင်**





## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်နေ့ အထိမ်းအမှတ်ကျင်းပ




မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ (၂၇) ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၂၀ ရက်နေ့၊ နံနက် ၈ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်းရှိ မနော်ရမ္မပြည်သူ့ရင်ပြင်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးမျိုးသစ် တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးနှင့်ဧည့်သည်များသည် အစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များ၊ ဝေါ်ဗွီရှင်း၊ လူကုန်ကူးမှုရဲတပ်ဖွဲ့၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့များမှ ပြသထားသောကလေးသူငယ်ဆိုင်ရာပြခန်းများနှင့် ပျော်ရွှင်ဖွယ်ဂိမ်းကစားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သီဟကိုကို (မန္တလေး)**

## အပြည်ပြည်ဆိုင်ရာကလေးသူငယ်များအခွင့်အရေးနေ့ ကျင်းပ

မန္တလေးမြို့ အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာကလေးသူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၂၀ ရက်နေ့၊ ညနေ ၄ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၂ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြား၊ မနော်ရမ္မကလေးကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာအေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကလေးသူငယ်အခွင့်အရေးနေ့ဖြစ်ပေါ်လာပုံကို မအိချောကရှင်းလင်းပြောကြားပြီး မန္တလေးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှူကြိုကလေးများ၊ ရှေ့ဆောင်လမ်းပြကြယ်အဖွဲ့၊ သုခရိပ်မြုံပရဟိတကျောင်း၊ ကံတက်ကုန်းဘုန်းတော်ကြီးသင်အထက်တန်းကျောင်း၊ Spectrum၊ Flag Youth ကျောင်းသားကျောင်းသူများက တေးသရုပ်ဖော်တင်ဆက်ခြင်း၊ တိုင်းရင်းသားရိုးရာအကများဖြင့် တင်ဆက်ခြင်း၊ ကံတက်ကုန်းနှင့်ဖောင်တော်ဦးပရဟိတကျောင်းများမှ စကားရည်လုပွဲကျင်းပခြင်း၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကလေးများအားဆုချီးမြှင့်ခြင်းများပြုလုပ်ခဲ့ပြီး အခမ်းအနားပြီးဆုံးခဲ့သည်။

အပြည်ပြည်ဆိုင်ရာကလေးသူငယ်အခွင့်အရေးနေ့ အထိမ်းအမှတ် မနော်ရမ္မကစားကွင်းတွင် ကလေးများ ဂိမ်းကစားခြင်း၊ ဉာဏ်စမ်းပြိုင်ပွဲများကျင်းပခြင်း၊ အားကစားပြိုင်ပွဲများကျင်းပကာ ဆုများချီးမြှင့်ခြင်း၊ ပုဂ္ဂလိကအလှူရှင်များက ကလေးများအား အာဟာရကျွေးမွေးခြင်းများ ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**



**We are the World**

**We are the Children**

# သကြားရဲ့ အရည်အသွေး

**စိန်ထွန်း (ကမြိုင်)**

'သကြားဆိုတာ ချိုတာပေါ့'

ဟုတ်ပါတယ်။ သကြားဟာ ချိုတယ်ဆိုတာ ယုံမှားစရာမရှိပါဘူး။ ဒါပေမဲ့ အခုလိုပြောလိုက်တာက သကြားရဲ့အရသာကိုပြောတာပါ။ သကြားရဲ့အရည်အသွေးကို ပြောတာမဟုတ်ပါဘူး။ သကြားရဲ့အရည်အသွေးဆိုတာ ဘာလဲလို့ပြောရရင်တော့ တော်တော်လေးကျယ်ပြန့်မှာဖြစ်ပါတယ်။

ကျယ်ပြန့်ရခြင်းအကြောင်းကတော့ ဒီလိုပါ။ သကြားဆိုတာ စက်မှုထုတ်ကုန်တစ်ခုပါ။ စက်မှုနည်းပညာနဲ့ထုတ်လုပ်တဲ့အကြောင်းကြောင့် သကြားကိုအရည်အသွေးသတ်မှတ်ရပါတယ်။ ဒါ့အပြင် သကြားကိုဝယ်ယူသုံးစွဲသူတွေရဲ့ သဘောကျနှစ်မြို့က်မှုဖြစ်အောင်လို့လည်း သကြားကိုအရည်အသွေးသတ်မှတ်ကြရပါတယ်။ သကြားကို ဝယ်ယူသုံးစွဲကြသူများဆိုတဲ့နေရာမှာ အစားအစာအဖြစ်တိုက်ရိုက်စားသုံးတဲ့ Customer များရှိသလို အစားအစာနည်းပညာ Food Technology ဖြင့်စားသောက်ကုန်ပစ္စည်းထုတ်လုပ်သူလုပ်ငန်းရှင်များကလည်း သကြားဝယ်ပြီးသုံးတဲ့ ဖောက်သည်များပါပဲ။ ဒါကြောင့်လည်း ကုန်သွယ်မှုသဘောအရ သကြားရဲ့အရည်အသွေးသတ်မှတ်မှုဟာ အရေးပါလာတယ်လို့ဆိုရမှာပါ။

ဒီတော့ သကြားရဲ့အရည်အသွေးတွေကို ဘယ်လိုခွဲခြားသတ်မှတ်မလဲ။ အဲဒီအရည်အသွေးကိုသိဖို့ ဘယ်လိုစမ်းသပ်မလဲ။ ဒီဆောင်းပါးမှာ ဒီကိစ္စကိုပဲတင်ပြလိုခြင်းဖြစ်ပါတယ်။

× × ×

သကြားအကြောင်းပြောတော့မယ်ဆိုရင် သကြားစက်က စပြီး မိတ်ဆက်ချင်ပါတယ်။ သကြားစက်များအကြောင်းကို သမိုင်းနဲ့ချီပြီးပြောရင် နည်းနည်းတော့ရှည်သွားမလားမသိဘူးနော်။ တိုတိုပြောရရင်တော့ မြန်မာ့သကြားစက်များအစ ရတနာပုံခေတ်ဘုရင့်သကြားစက်ရုံကလို့ပဲ ပြောပါရစေ။ ဒါပေမဲ့ ပထမဦးဆုံးသကြားစက်ရုံကတော့ ကျိုက္ကမီမြို့မှာ E.O. Riley နဲ့ Bell ဆိုသူတို့က စတင်လည်ပတ်ခဲ့တဲ့စက်ရုံပါ။ ခုနှစ်ကတော့ ၁၈၄၀ ခုနှစ်၊ ခေတ်ကတော့ ကိုလိုနီခေတ်ပေါ့။ မြန်မာပြည်ထဲမှာ ထုတ်လုပ်ပြီးသကြားတွေကို အင်္ဂလန်နိုင်ငံအထိပို့ခဲ့ပါတယ်။ အရည်အသွေးကလည်း ပြည့်မီပါတယ်တဲ့။

မြန်မာမင်းတို့အုပ်ချုပ်တဲ့ မြန်မာနိုင်ငံမှာတော့ ရတနာပုံခေတ် ၁၈၇၂ ခုနှစ်လောက်ကဖြစ်ပါသတဲ့။ စက်ရုံလည်တဲ့နေရာကတော့ မန္တလေးမြို့ အနောက်မြောက်မျက်နှာ မြို့ကြီးပြင်၊ ပိုက်ကျုံးတံခါးအထွက် လက်ဝဲဘက်မှာဖြစ်ပါသတဲ့။ ယခုခေတ်မှာတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သကြားစက်တွေ ဟာ ဒေသအနှံ့စက်ရုံ ၂၀ လောက်ရှိနေပါပြီ။


× × ×

သကြားရဲ့အရည်အသွေး အကြောင်းဆက်ပါ့မယ်။ ယခုခေတ်က စက်မှုခေတ်ဖြစ်ပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းတွေ တိုးတက်လာတာနဲ့အမျှ ထုတ်ကုန်ပစ္စည်းတွေရဲ့အရည်အသွေးတွေကလည်း တိုးတက်လာရပါတယ်။ ကျွန်တော်တို့နိုင်ငံက သကြားစက်တွေကလည်း ခေတ်နဲ့အညီတိုးတက်သွားဖို့အတွက် အရည်အသွေးပြည့်မီတဲ့ သကြားတွေထုတ်လုပ်ဖို့လိုအပ်တာကတော့ အထူးပြောစရာမလိုပါဘူး။

ရတနာပုံခေတ် သကြားစက်ရုံကထွက်တဲ့သကြားတွေရဲ့ အရည်အသွေးကို အလေးထားခဲ့၊ မထားခဲ့ဆိုတာမသိပေမယ့် ယခုခေတ်မှာတော့ အလေးမထားလို့မရနိုင်တော့ပါဘူး။

သကြားစက်တင်မကပါဘူး။ တစ်ဦးက ထုတ်လုပ်တဲ့ ပစ္စည်းကို တစ်ဦးကဝယ်မယ်ဆိုရင် အရည်အသွေးနဲ့ပတ်သက်ပြီး စကားပြောကြရတာဟာ ရှောင်လွှဲလို့မရတဲ့ကိစ္စပါ။ အဲဒါကြောင့်လည်းပဲ ဒီကနေ့ကုန်ပစ္စည်းထုတ်လုပ်သူများက မိမိထုတ်ကုန်အရည်အသွေးကိုထိန်းချုပ်ရေး Quality Control ဟာ အရေးပါတဲ့ကိစ္စတစ်ရပ်အဖြစ် အလေးအနက်ထားပြီး ထုတ်လုပ်ကြရပါတယ်။

မကြာသေးမီက သတင်းစာထဲမှာ သကြားနဲ့ပတ်သက်တဲ့ သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ မြန်မာနိုင်ငံကသကြားကို တရုတ်ကဝယ်မယ်တဲ့။ ဒီမှာလည်း အရောင်းအဝယ်ကိစ္စ သဘောအရ သကြားရဲ့အရည်အသွေးက မလွဲကေန်ပါလာရတော့မှာပါ။ အဲဒီသတင်းထဲမှာ သကြားစက်နဲ့ပတ်သက်လို့ တခြားစိတ်ဝင်စားစရာလေးတွေလည်း ပါတာကိုသတိပြုမိခဲ့ပါတယ်။



သကြားပျော်ရည် အရောင်တိုင်းကိရိယာ

သတိပြုမိတဲ့တစ်ချက်ကတော့ မြန်မာနိုင်ငံမှသကြားကို ဘာကြောင့် အခုလိုဝယ်ယူတင်သွင်းရတာလဲဆိုတော့ တရုတ်နိုင်ငံမှာ ကြံစိုက်ခင်းများ အပျက်အစီးရှိနေလို့ပါတဲ့။ နောက်တစ်ချက်ကတော့ တရုတ်ပြည်တွင်းသကြားစက်များကို အဆင့်မြှင့်တင်နေလို့ပါတဲ့။ အခုလို ပြည်တွင်းကထုတ်လုပ်တဲ့ သကြားတွေကိုအရည်အသွေးမြှင့်ပြီး ကမ္ဘာ့ဈေးကွက်မှာဝင်ရောက်နေရာယူဖို့ ကြိုးပမ်းနေခြင်းပဲလို့ သဘောပေါက်နားလည်နိုင်ပါတယ်။

တရုတ်က မြန်မာ့သကြားဝယ်မယ်ဆိုတော့ မြန်မာ့သကြားရဲ့ အရည်အသွေးကိစ္စကလည်း မလွဲမသွေပါလာရမှာပါ။ ဒါနဲ့ အကြောင်းစပ်ပြီးတော့ သကြားရဲ့အရည်အသွေးကိုဘယ်လို သတ်မှတ်ကြသလဲ၊ ဘယ်လိုစစ်ဆေးစမ်းသပ်ကြသလဲဆိုတာကို သိသလောက်ဖောက်သည်ချရခြင်းဖြစ်ပါတယ်။

× × ×

သကြားရဲ့အရည်အသွေးကို သတ်မှတ်တဲ့နည်း၊ စမ်းသပ်တဲ့နည်းတွေ အများကြီးရှိပါတယ်။ အကျဉ်းချုံးပြီးပြောရရင်တော့ ဓာတုဗေဒနည်းနဲ့စမ်းသပ်တာတွေရှိသလို ရူပဗေဒနည်းနဲ့စမ်းသပ်တာတွေလည်း ရှိပါတယ်။

ဓာတုဗေဒနည်းနဲ့ စမ်းသပ်နည်းအကြောင်းပြောမယ်ဆိုရင် သကြား ဆိုတာဘာလဲလို့သိထားဖို့ ဓာတုဗေဒအမြင်လေးနည်းနည်းသိမြင်ထားဖို့ လိုပါတယ်။ ဓာတုဗေဒနယ်ပယ်မှာ သကြားလို့သတ်မှတ်ထားတဲ့ ဆင်တူယိုးမှားဒြပ်ပေါင်းတွေရှိပါတယ်။ သူတို့က ဓာတုဖွဲ့စည်းပုံဆင်ဆင်တူကြတယ်။ ချိုတာခြင်းလည်း တူတယ်။ ဒါပေမဲ့ အချိုအရသာလေးလေးပင်ပင်ရှိတာ/မရှိတာ တော့ကွာပါတယ်။

သကြားအုပ်စုဝင်၊ အဖွဲ့ဝင်အမည်လေးတွေနဲ့ သူတို့ရဲ့ အချိုဂုဏ်သတ္တိလေးတွေ နှိုင်းယှဉ်သိရှိနိုင်အောင် နည်းနည်းရွေးချယ်တင်ပြပါမယ်။ ယှဉ်တွဲဖော်ပြထားတဲ့ ကိန်းဂဏန်းလေးတွေက နှိုင်းရအချိုနှုန်း Relative Sweetness ဖြစ်ပါတယ်။

| | | | |
|---|---|---|---|
| ဖရုပ်တို့သကြား | fructose | ..... | 114 |
| ဆူးခရို့စ်သကြား | sucrose | ..... | 100 |
| အင်ဗာ့တ်သကြား | invert sugar | ..... | 95 |
| ဒက်စ်ထရို့စ်သကြား | Dextrose | ..... | 69 |
| မောလတို့စ်သကြား | Maltose | ..... | 40 |
| လက်တို့စ်သကြား | Lactose | ..... | 39 |

ဒီထဲက အောက်ပိုင်းမှာဖော်ပြထားတဲ့ သကြားတွေကိုတော့ သကြားတုသကြားယောင်လို့ ပြောချင်ရင်လည်းပြောနိုင်ပါတယ်။ ဒါတွေကို ဘာကြောင့်ထည့်ပြောနေရတာလဲဆိုတော့ သကြားစက်ကကြံရည်ကိုချက်လုပ်ရာက ထွက်လာတဲ့သကြားဆိုတဲ့ ကုန်ချောထဲမှာ အဲဒီသကြားတုသကြားယောင်ကလေးတွေက အနည်းနဲ့အများဆိုသလို ပါဝင်နေကြလို့ပဲဖြစ်ပါတယ်။ ဒါကြောင့် သကြားရဲ့အရည်အသွေးကိုပြောတော့မယ်ဆိုရင် sucrose တို့လို၊ invert sugar တို့လို အချိုဓာတ်များတဲ့သကြားပါဝင်နှုန်းဟာ သတ်မှတ်နိုင်တဲ့အရည်အသွေးတစ်ရပ်ဖြစ်နေပါတော့တယ်။

ဒါကြောင့် သကြားထုတ်လုပ်တဲ့စက်ရုံတွေဟာ မိမိတို့ထုတ်လုပ်လိုက်တဲ့ သကြားရဲ့အရည်အသွေးကို ခိုင်ခိုင်မာမာ ပြောဆိုနိုင်ဖို့ ဘာတွေစမ်းသပ်ကြမလဲဆိုရင် sucrose နဲ့ invert sugar ပါဝင်နှုန်းကို စမ်းသပ်စစ်ဆေးကြပါတယ်။ ဒါက ဓာတုဗေဒနည်းပါ။

သကြားရဲ့အရည်အသွေးကို နောက်တစ်နည်းစမ်းသပ်နိုင်တာကတော့ ရူပဗေဒနည်းလို့ပြောလို့ရပါတယ်။ သကြားကို အများသုံးလူသုံးကုန်ပစ္စည်းအနေနဲ့ အရောင်းအဝယ်လုပ်ကြရာမှာတော့ အခုပြောမယ့်အရည်အသွေးသတ်မှတ်ချက်တွေကိုပဲ အလွယ်တကူသတ်မှတ်ပြီး စကားပြောတတ်ကြပါတယ်။ အဲဒီသတ်မှတ်ချက်တွေကို အမည်နာမနဲ့အခုလိုပြောဆိုကြပါတယ်။

၁။ Grain size (သကြားပွင့်အရွယ်အစား)
၂။ Colour (သကြားရဲ့အရောင်အသွေး)
၃။ Turbidity (သကြားပျော်ရည်နောက်ကျိမှု)
၄။ Sediment (သကြားပျော်ရည်အနည်ကျမှု)
၅။ Apparent sp.gr (သိပ်သည်းကိန်း)

သကြားစက်ရုံတွေက ထုတ်လုပ်လိုက်တဲ့သကြားတွေဟာ သန့်စင်မှု (purity) မှာသိပ်ပြီး မနိမ့်ကျပါဘူး။ အရောင်းအဝယ်လောကမှာတော့ အထက်မှာဖော်ပြခဲ့တဲ့ ရုပ်ဂုဏ်သတ္တိတွေနဲ့ပဲ အကဲဖြတ်လေ့ရှိပါတယ်။ အဲဒါတွေက လူအများအလွယ်တကူ နားလည်သိမှတ်နိုင်တဲ့ အရည်အသွေးများလည်းဖြစ်ပါတယ်။

အဲဒီရုပ်ဂုဏ်သတ္တိတွေကို Q.C ဓာတ်ခွဲခန်းတွေမှာ ဘယ်လိုစမ်းသပ်ကြသလဲဆိုတာ သဘောလောက်သိထားရင်ကောင်းပါတယ်။

**(၁) Grain size (သကြားပွင့်အရွယ်အစား)**

သကြားပွင့်အရွယ်အစားကို သိရှိနိုင်ဖို့ကတော့ ဓာတ်ခွဲခန်းမှာ သကြား (၁၀၀ ဂရမ်) ကို ဆန်ခါအဆင့်ဆင့်တပ်ထားတဲ့ ဆန်ခါချစက်ထဲထည့်ပြီး လှုပ်ခါချတဲ့နည်းနဲ့စမ်းသပ်ပါတယ်။ ဆန်ခါနံပါတ်အလိုက် တင်ရှိတဲ့သကြားအလေးချိန်များကို graph ရေးဆွဲပြီး ၅၀ ရာခိုင်နှုန်းတင်ရှိတဲ့ ဆန်ခါနံပါတ်ကိုမှတ်ယူပါတယ်။ Grain size ကို အဲဒီနံပါတ်နဲ့ပဲ သတ်မှတ်ပြောဆိုကြပါတယ်။

စာမျက်နှာ ၁၆ သို့ -

## ပန်းချီ၊ ပန်းပုကျောင်း (မန္တလေး) ကျောင်းဆင်းများ ဒုတိယအကြိမ် WHITE ပန်းချီပြပွဲကျင်းပ



ပန်းချီ၊ ပန်းပုကျောင်း (မန္တလေး) ကျောင်းဆင်းမျိုးဆက်သစ်ပန်းချီဆရာ/ဆရာမများစုပေါင်းပြသသော ဒုတိယအကြိမ် WHITE ပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၉ ရက်နေ့၊ နံနက် ၉ နာရီက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင် ခြသေ့်ကြီးနှစ်ကောင်အနီးရှိ မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးပန်းချီပညာရှင်များအသင်းဉက္ကဌ ပန်းချီပန်းပုကျောင်း (မန္တလေး) ကျောင်းအုပ် (ငြိမ်း) ဦးဇော်ဝင်း (သစ်ထွင်း) နှင့် ပန်းချီပညာရှင်များတက်ရောက်အားပေးပြီး ဖွင့်လှစ်ပေးသည်။ ပန်းချီပြပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) ပန်းချီပညာအဓိကကျောင်းသားကျောင်းသူများ၊ ပန်းချီ၊ ပန်းပုကျောင်း (မန္တလေး) ကျောင်းသားကျောင်းသူများ၊ ပန်းချီအနုပညာစိတ်ဝင်စားသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ ဒုတိယအကြိမ် WHITE ပန်းချီပြပွဲတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်လစ်ပန်းချီကား ၈၀ ကျော်ကို နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသခဲ့ကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

## နိုင်ငံခြားဖြစ်ကစားစရာ ပေါ်များသော်လည်း မြန်မာ့လက်မှုကစားစရာအရုပ်များ ရောင်းချရဆဲ

မြန်မာနိုင်ငံတွင် နိုင်ငံခြားမှ တင်သွင်းသောကလေးကစားစရာများပေါများလာသော်လည်း ပြည်တွင်းရှိစေတီပုထိုးများ၏ ဘုရားစောင်းတန်းများတွင် မြန်မာ့လက်မှုကစားစရာအရုပ်များ ပြုလုပ်ရောင်းချနေရဆဲဖြစ်ကြောင်း ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ နိဗ္ဗာန်ကုန်နှင့်အရုပ်အရောင်းဆိုင်ပိုင်ရှင် ဦးသီဟက ပြောသည်။

'တရုတ်ကစားစရာတွေက ဘယ်နေရာမဆိုဝယ်လို့ရတယ်။ ဒီကတ်ထူအရုပ်တွေကိုဘုရားဖူးလာတဲ့သူတွေက ဘုရားရောက်တုန်းရောက်ခိုက် အမှတ်တရပစ္စည်းအနေနဲ့ ဝယ်ယူလေ့ရှိကြတယ်။ ဘုရားဖူးလာတဲ့ကလေးတွေကလည်း ဒီအရုပ်တွေကို သဘောကျနှစ်သက်ကြတုန်းပဲ' ဟု ၎င်းကပြောသည်။

အများအားဖြင့် ရောင်းချနေရသောကတ်ထူစက္ကူဖောင်းကြွအရုပ်များမှာ နွားရုပ်၊ သစ်ကုလားအုတ်ရုပ်၊ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်အရုပ်တို့ဖြစ်ပြီး ဈေးနှုန်းများမှာ ငွေကျပ်သုံးရာမှကျပ်နှစ်ထောင်ကျော်အထိ အစားစားရှိကြောင်းသိရသည်။



ယင်းအရုပ်များကိုပြုလုပ်ရာတွင် ကတ်ထူစက္ကူ၊ စက္ကူကပ်ကော်၊ သဘော်ဆေးစသည်တို့ကို အဓိကကုန်ကြမ်းအနေဖြင့် အသုံးပြုရပြီး ကျွမ်းကျင်မှုအပေါ် မူတည်ကာအရုပ်များကို ချိုးဆစ်ပုံဖော်ပြုလုပ်ကြခြင်းဖြစ်ကြောင်းသိရသည်။ **ဝင်းမြင့်ဦး**

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ လူထုလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်ရုံးမှကြီးမှူး၍ ကမ္ဘာ့ခုခံအားကျင်ဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ၂ ရက်နေ့၊ နံနက် ၅ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမရှေ့တွင် ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ခြင်းအား မြို့တော်ခန်းမမှ ၂၆ လမ်း၊ ၎င်းမှ ၆၆ လမ်း၊ ၁၉ လမ်းအထိ လမ်းလျှောက်ကြပြီး လာလမ်းအတိုင်းပြန်ကာမြို့တော်ခန်းမရှေ့နှင့်ကျုံးတောင်ဘက်ဘေးတွင် အားလုံးလက်တွဲကာကွယ် အိပ်ချ်အိုင်ဗွီကူးစက်အန္တရာယ်ပညာပေးဖဲကြိုးနီလှုပ်ရှားမှုဆောင်ရွက်ခြင်း၊ ပညာပေးမော်တော်ယာဉ်ဖြင့် ခုခံကျရောဂါကာကွယ်ရေးတေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

**စာမျက်နှာ ၁၅ မှ -**

**(၂) Colour (သကြား၏အရောင်)**

သကြားရဲ့အရောင်ကိုတော့ အရောင်တိုင်းကိရိယာတွေ အမျိုးမျိုးတီထွင်ပြီး စမ်းသပ်စစ်ဆေးကြပါတယ်။ အခြေခံနည်းပညာကတော့ စံအဖြစ်သတ်မှတ်ထားတဲ့ ပျော်ရည်ရဲ့အရောင်နဲ့ သကြားပျော်ရည်အရောင်တို့ကိုနှိုင်းယှဉ်ပြီး အဆုံးအဖြတ်ပြုကြတာပါပဲ။

**(၃) Turbidity (သကြားပျော်ရည်နောက်ကျိမှု)**

နောက်ကျိမှုတိုင်းတာရာမှာတော့ သကြားပျော်ရည်ကို အနည်တွေထိုင်သွားအောင်အချိန်ပေးပြီးမှ ပျော်ရည်ရဲ့နောက်ကျိမှုကိုတိုင်းရပါတယ်။ တိုင်းတဲ့ကိရိယာတွေလည်း အမျိုးမျိုးရှိပါတယ်။ အနည်မထိုင်ဘဲ လွင့်မျောနေတဲ့အမှုန်ကလေးများကြောင့် ပျော်ရည်ဟာမကြည်လင်ဘဲ မှုန်နေခြင်းဖြစ်ပါတယ်။ မကြည်လင်တဲ့အကြောင်းကလည်း အလင်းပြန်ခြင်း၊ အလင်းယိုင်ခြင်းသဘောသဘာဝတွေနဲ့ဆိုင်တယ်လို့ ဆိုပါတယ်။ အဲဒီသဘောသဘာဝကိုအခြေခံပြီး တည်ဆောက်ထားတဲ့ စမ်းသပ်စစ်ဆေးမှုကိရိယာတွေကလည်း အမျိုးမျိုးပါပဲ။

နံပါတ် ၄ နဲ့ ၅ မှာဖော်ပြထားတဲ့ sediment နဲ့ apparent sp.gr တို့ကိုလည်း ကိရိယာအမျိုးမျိုးတီထွင်ပြီး စမ်းသပ်စစ်ဆေးမှုပြုလုပ်ကြပါတယ်။ အခုတင်ပြခဲ့တာတွေကတော့ သကြားရဲ့အရည်အသွေးတွေကို ဘယ်လိုတိုင်းတာသတ်မှတ်ကြသလဲဆိုတာ ထင်သာမြင်သာအောင်တင်ပြခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီအရည်အသွေးသတ်မှတ်ချက်တွေဟာ ရောင်းသူနဲ့ ဝယ်သူအလွယ်တကူ စဉ်းစားချင့်ချိန်နိုင်တဲ့အရည်အသွေးသတ်မှတ်ချက်များဖြစ်ပါတယ်။

သကြားရဲ့ အရည်အသွေးသတ်မှတ်ချက်များအကြောင်းကိုတော့ ပြောဆိုလို့ပြီးပါပြီ။ ဒီအကြောင်းရေးဖြစ်ရခြင်းအကြောင်းကတော့ တရုတ်ကမြန်မာသကြားဝယ်မယ်ဆိုတဲ့သတင်းလေးနဲ့ ဆက်နွယ်ပြီး တွေးစရာလေးတွေတွေးကြဖို့ပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သကြားရဲ့အခြေခံ Source ဖြစ်တဲ့ ကြံစိုက်နိုင်တဲ့ မြေကွက်တွေလည်း အများကြီးရှိပါတယ်။ သကြားစက်တွေဟာလည်း အရေအတွက်အားဖြင့် အင်အားစုတစ်ခုအဖြစ်နဲ့ရှိနေပြီလို့ ပြောရင်ရပါတယ်။ ဒီတော့ မိမိတို့နိုင်ငံမှာလည်းပဲ သကြားစက်ရုံတွေကိုအဆင့်မြှင့်၊ ထွက်လာတဲ့သကြားတွေကိုလည်း အရည်အသွေးမြှင့်ပြီး ထုတ်လုပ်ကြဖို့ချမှတ်ဆောင်ရွက်သင့်ပြီလို့ ထင်မြင်စဉ်းစားတွေးတောမိပါတယ်။

ဒီလမ်းကြောင်းပေါ် ချီတက်ကြမယ်ဆိုရင်တော့ ကြံစိုက်ပျိုးတဲ့တောင်သူတွေလည်း မပါလို့မဖြစ်ပါဘူး။ ကြိတ်မယ့်၊ ဝါးမယ့် သကြားစက်ကြီးတွေကလည်း အဆင့်မြင့်မြင့်ကြိတ်ဝါးပေးဖို့ အသင့်ဖြစ်နေရပါမယ်။ သကြားကိုပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ထဲ ထိုးဖောက်နိုင်တဲ့လမ်းကြောင်းပေါ်ရောက်အောင် တွန်းပို့ပေးနိုင်တာကတော့ နိုင်ငံတော်အစိုးရပါပဲ။

တိုတိုနဲ့လိုရင်းပြောရရင်တော့ နံပါတ် ၁- ကြံစိုက်တောင်သူတွေရယ်၊ နံပါတ် ၂- အဆင့်မြင့်သကြားစက်တွေရယ်၊ နံပါတ် ၃- ဈေးကွက်ဖော်ဆောင်ပေးနိုင်တဲ့ အစိုးရရယ် သုံးဦးသုံးဖလှယ် ဟန်ချက်ညီညီချိတ်ဆက်မိဖို့တော့ လိုအပ်မည်ဖြစ်ကြောင်းပါ။

Ref: 1. Cane Sugar Hand Book
Spencer - Meade
2.ရတနာပုံခေတ် ဘုရင့်သကြားစက်ရုံ
(ဒေါက်တာမျိုးသန့်တင်)

# စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းနည်းပညာများပံ့ပိုးပေး



SME လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်လာနိုင်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်များတိုးတက်လာစေရေးနှင့် လိုအပ်သောနည်းပညာရပ်များပံ့ပိုးပေးနိုင်ရန်အတွက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတို့ပူးပေါင်း၍ လုပ်ငန်းရှင်များအား စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်း၊ နည်းပညာများပံ့ပိုးပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သင်တန်းခန်းမတွင် နိုဝင်ဘာလ ၁၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဒေါက်တာသဇင်ဟန်က အုန်းသီးဂျယ်လီပြုလုပ်ပုံအကြောင်းနှင့် ပဲနို့ဂျယ်လီနှင့်ပဲနို့ပြုလုပ်ပုံအကြောင်း၊ ဒေါက်တာသင်းသင်းဝါက ဟင်းသီးဟင်းရွက်ဟင်းခတ်မှုန့်ပြုလုပ်ပုံအကြောင်း၊ ဒေါက်တာကေသီစိုးက ပိန္နဲသီးခြောက်ပြုလုပ်ပုံအကြောင်းများကို သင်တန်းသားများနှင့်အပြန်အလှန်ဆွေးနွေးပို့ချခဲ့သည်။ ဟင်းသီးဟင်းရွက်ဟင်းခတ်မှုန့်ပြုလုပ်ခြင်း၊ ပိန္နဲသီးခြောက်ပြုလုပ်ခြင်း၊ ငါးဟင်းခတ်မှုန့်ပြုလုပ်ခြင်း၊ ခရမ်းချဉ်သီးမှ Spaghetti Sauce နှင့် ဖျော်ရည်ပြုလုပ်ခြင်း၊ သရက်သီးစားသောက်ကုန်များထုတ်လုပ်ခြင်း၊ အုန်းသီးဂျယ်လီပြုလုပ်ခြင်း၊ ပဲနို့နှင့်ပဲနို့ဂျယ်လီပြုလုပ်ခြင်းစသည့်နည်းပညာတို့ကို Presentation Slide များဖြင့် ရှင်းလင်းပြသပြီး လက်တွေ့စမ်းသပ်ထုတ်လုပ်ထားသည့် Sample Product များဖြင့် ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ခဲ့သည်။



'SME လုပ်ငန်းရှင်များအား စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်း နည်းပညာများပံ့ပိုးခြင်းအလုပ်ရုံဆွေးနွေးပွဲ' ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ SME လုပ်ငန်းရှင်များ၊ ပညာရေးဝန်ကြီးဌာနမှပညာရှင်များ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်းများ စုစုပေါင်း ၁၆၁ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

## တရားမဝင်တရုတ်ဆေးခန်းများ သုံးလမှ ခြောက်နှစ်အထိ ထောင်ဒဏ်ချမှတ်အရေးယူမည်

ရန်ကုန်မြို့တွင်း ဧရိယာများ၌တရားမဝင်ဖွင့်လှစ်၍ ဆေးကုသမှုများပြုလုပ်နေသော တရုတ်ဆေးခန်းအချို့မှာလုပ်ငန်းလိုင်စင်ဥပဒေများနှင့်အညီ လျှောက်ထားခြင်းမရှိဘဲလက်ကမ်းကြော်ငြာများဖြန့်ဝေနေကြသဖြင့် ယင်းတို့အားအရေးယူရာတွင် ထောင်ဒဏ် ၃ လမှ ၆ နှစ်အထိချမှတ်သွားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြောပြချက်အရ သတင်းရရှိသည်။

ယင်းတရားမဝင်တရုတ်ဆေးခန်းများသည် ပြည်တွင်းဆေးကုသခွင့်လိုင်စင်လက်မှတ်ရထားခြင်းမရှိဘဲ၊ အမျိုးသားရောဂါများ၊ အမျိုးသမီးဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများနှင့်အခြားရောဂါအချို့ကို ပျောက်ကင်းစေရမည်ဟုကြော်ငြာထားပြီး မြို့တွင်းလူစည်ကားရာနေရာများအနှံ့တွင် လက်ကမ်းစာစောင်များလိုက်လံဖြန့်ဝေနေသည့်အတွက် ယင်းတို့ကိုစိစစ်ပြီး မြို့နယ်ကြီးကြပ်ရေးကော်မတီများနှင့်ပူးပေါင်းကာတစ်ပြေးညီအရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်းသိရသည်။


ရန်ကုန်မြို့တွင်းတွင် တရားမဝင်ဆေးကုသခွင့်လိုင်စင်မရှိသောဆေးခန်းအချို့မှာ လသာ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ ဗိုလ်တစ်ထောင်၊ ပုဇွန်တောင်အစရှိသည့်မြို့တွင်းမြို့နယ်များ၌အများဆုံးဖွင့်လှစ်ကာ အသုံးပြုကုသပေးသည့်ဆေးဝါးများမှာလည်း စနစ်တကျမှတ်ပုံတင်ထားသည့် ဆေးဝါးမဟုတ်ကြောင်း အထူးကုဆရာဝန်အချို့ကပြောသည်။

ယင်းဆေးခန်းများဖွင့်လှစ်မှုအပေါ် အရေးယူရန် အောက်တိုဘာလ ၁၃ ရက်နေ့ကပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) တွင် ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ကြောင်းပါသိရသည်။ **ချိန်သီး**

## ဇီကာဗိုင်းရပ်စ်ပိုးကို ကာကွယ်ပေးနိုင်မည့် ပဋိပစ္စည်းတွေ့ရှိ

ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များထံရှိ ဖွံ့ဖြိုးဆဲသန္ဓေသားလောင်းလေးများအား ဦးခေါင်းသေးငယ်သောကလေးများ (ဆေးပညာအခေါ်အရ micro-cephaly) ဖြစ်နေသည့် အခြေအနေကိုဖြစ်စေကြောင်း အတည်ပြုပြီးဖြစ်သည်။

ယခုအခါသုတေသနပညာရှင်များသည် လူသားတို့ကိုယ်တွင်းရှိ ပဋိပစ္စည်း (antibody) အမျိုးအစားတစ်ခုကိုတွေ့ရှိခဲ့ပြီး ယင်းပဋိပစ္စည်းသည် ဇီကာရောဂါပိုး ကူးစက်ခံထားရမှုကို ရပ်တန့်ပေးနိုင်ကြောင်းသိရသည်။



ယင်းပဋိပစ္စည်းမှာသဘာဝအတိုင်းဖြစ်ပေါ်လာသည့် ZIKV-177 ဟု အမည်ရသည့် antibody ဖြစ်ပြီးကာကွယ်ဆေးထုတ်လုပ်နိုင်ရန် ရှေ့တစ်လှမ်းတိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ဓာတ်ခွဲခန်းတွင် စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ZIKV-177 antibody ကို စမ်းသပ်ခံတိရစ္ဆာန်ကြွက်များတွင် ထပ်မံလေ့လာမှုများပြုလုပ်ခဲ့ရာ ဇီကာဗိုင်းရပ်စ်ပိုးပမာဏကို လျှော့ချပေးနိုင်ကြောင်းတွေ့ရှိခဲ့သည်။

'Nature' ဂျာနယ်တွင် ယခုတွေ့ရှိချက်များကို မကြာသေးမီက ထည့်သွင်းဖော်ပြခဲ့သည်။

**စံမျိုးထက်**


## ကျန်းမာရေးကို ၂၄ နာရီ ဆွေးနွေးနိုင်သည့် Call Center ဖွင့်လှစ်

ကျန်းမာရေးဝန်ဆောင်မှုအလွယ်တကူရရှိနိုင်ရန် 7887 Healthcare Call Center သို့ ၂၄ နာရီအချိန်ပြည့် ခုနှစ်ရက်ပတ်လုံးအချိန်မရွေးမေးမြန်းဆွေးနွေးနိုင်ကြောင်းသိရသည်။

ဖုန်းခေါ်ဆိုသူမှ ခံစားနေရသောဝေဒနာများ သက်သာပျောက်ကင်းစေရေးအတွက် ရောဂါလက္ခဏာများအပေါ်အခြေခံ၍ အပြန်အလှန်အသေးစိတ်မေးခွန်းများမေးပြီး အကြံဉာဏ်များပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတများနှင့်ပတ်သက်၍မေးမြန်းနိုင်ခြင်း၊ အထူးကုဆရာဝန်များ၏ ဆေးရုံ၊ ဆေးခန်းအချိန်ဇယားများကိုစုံစမ်းနိုင်ခြင်း၊ ဆေးရုံနှင့်အခြားကျန်းမာရေးဆိုင်ရာများကို စုံစမ်းနိုင်ခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးနှင့်ပတ်သက်၍ တိုင်ပင်ခြင်းစသည်တို့ကို ဆရာဝန်များကိုယ်တိုင်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း အဆိုပါစင်တာ၏ Founder ဒေါက်တာစွမ်းဆောင်ဦးကပြောသည်။

ဖုန်းခေါ်ဆိုခဝန်ဆောင်မှုအနေဖြင့် (ပုံမှန်ဖုန်းခေါ်ဆိုခ+ တစ်မိနစ် ၁၀၀ ကျပ်)+ အခွန်ငါးရာခိုင်နှုန်းကျသင့်မည်ဖြစ်ပြီး လက်ရှိကာလတွင် MPT ၏ Prepaid GSM / WCDMA မိုဘိုင်းဖုန်းများဖြင့်သာ ခေါ်ဆိုနိုင်ကြောင်းသိရသည်။

အဆိုပါ Call Center သည် ကျန်းမာရေးအတွက်သာ သီးသန့်ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။ **ရန်ဖြိုးသိမ်း**



# Miss World-2016 ပြိုင်ပွဲကြီးတွင် အလှမယ် မြတ်သီရိလွင် (ခ) Bella ဝင်ရောက်ယှဉ်ပြိုင်မည်




အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့တွင် ဒီဇင်ဘာလ ၁၈ ရက်နေ့မှစတင်ကျင်းပမည့် Miss World-2016 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် မြတ်သီရိလွင် (ခ) Bella ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲကြီးတွင် Miss World Organization မှ (1) Miss World Beauty With a purpose, (2) Miss World Multi-media Award, (3) Miss World Fashion- Top Model, (4) Miss World Top Fitness/sport, (5) Miss World Talent ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် Trainer Mr.Brain နှင့်အတူ Cat-walk Training နှင့် Personal Training များသင်ယူခြင်း၊ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့မှ Make up Training များသင်ကြားပေးခြင်း၊ အင်္ဂလိပ်စာစကားပြောများအား ဘန်ကောက်တွင် သင်ယူစေခြင်းနှင့်တေးသီချင်းများသီဆိုရာတွင် Vocal ပိုင်းနှင့် ပတ်သက်၍ ဆရာခိုင်မြဲသာမှ စနစ်တကျသင်ကြားပေးထားကြောင်း မြတ်သီရိလွင်ကပြောကြားသည်။

'ညီမလေးအနေနဲ့ပထမဦးဆုံးသွားရမှာမို့ အများကြီးဂုဏ်ယူမိတယ်။ စိန်ခေါ်မှုတွေအများကြီးလာမှာကို ကြိုပြီးခန့်မှန်းထားပြီးသားပါ။ အရင်နှစ်တွေက Miss တွေကလည်းပြောပြထားပါတယ်။ National Costume ဝတ်စုံအတွက် ဒီဇိုင်နာ မမဥ္စူက ချုပ်လုပ်ပေးထားတာဖြစ်ပြီး၊ အသုံးပြုမယ့်ချိတ်ထည်ကိုတော့ ရွှေကံ့ကော်ပိုးထည်တိုက်က စပွန်ဆာပေးထားပါတယ်။ Final ပြိုင်ပွဲအတွက် ဒီဇိုင်နာမလတ်ကစီစဉ်ပေးထားပြီး၊ မြန်မာဝတ်စုံ Costume Dress ကိုတော့ ဒီဇိုင်နာ မရုံရုံးနဲ့မသဲဆုဖြိုးတို့က စီမံချုပ်လုပ်ပေးထားပါတယ်။ လက်ဆောင်ပစ္စည်းအဖြစ် ကိန္နရီကိန္နရာပန်းထိုးပန်းချီကားများနဲ့လေလံတင်ရန် အမေစုပုံတူပန်းပုရုပ်ထုအား ယူဆောင်သွားပါမယ်' ဟု သူမကဆက်လက်ပြောကြားသည်။

ယင်းပြိုင်ပွဲကြီး ကျင်းပနေပုံများအား ဒီဇင်ဘာလ ၁၉ ရက်နေ့၊ ည ၉ နာရီမှစတင်၍ Channel-7 ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

**ဖြိုးပိုင်**

# အဆိုတော် မေရွှက်ဝါ၏ (၃၅) နှစ်ပြည့်အမှတ်တရ ဂီတဖျော်ဖြေပွဲကျင်းပမည်

Myanmar Event Management နှင့် Event Power Media Group တို့ ပူးပေါင်းတင်ဆက်မည့် နိုင်ငံကျော်အဆိုတော် မေရွှက်ဝါ၏ 53 & 35 ဂီတဖျော်ဖြေပွဲကြီးကို ဒီဇင်ဘာလ ၁၀ ရက်နေ့၊ ညနေ ၃ နာရီမှစတင်၍ ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။




အဆိုပါဂီတဖျော်ဖြေပွဲတွင် တေးသံရှင်မေရွှက်ဝါနှင့်အတူ စိုးပိုင်၊ စည်သူလွင်၊ ဇော်ပိုင်၊ ဖြိုးပြည့်စုံ၊ အစ္စဏီ၊ စိန်လင်း (Aroma)၊ ထွန်းကိုကို၊ နေညီလ၊ သန်းသန်းနွယ်၊ မိုင်၊ ရတနာမိုင်၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အိမ့်ချစ်၊ ဝါဆိုမိုးဦး၊ ဆန်းသစ်လ၊ ခင်ပိုးပန်းချီ၊ ငယ်ငယ်ထွေး၊ ဝါးခယ်မရဲမောင်၊ အကယ်ဒမီနေအောင်၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမေသန်းနုတို့နှင့်အတူ မေညီအစ်မများမှ ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ဝါရင့်တေးဂီတ Friend Music Band၊ မျိုးဆက်သစ်တေးဂီတ၊ Hi Bird Music Band တို့က ပါဝင်တီးခတ်မည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင်မေရွှက်ဝါသည် ၁၉၈၁ ခုနှစ်မှစတင်၍ ဂီတလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး သူမ၏ပထမဦးဆုံး တေးအယ်လ်ဘမ်ဖြစ်သည့် 'ကျောင်းပြေးချစ်သူ' (လွှမ်းမိုး+မေရွှက်ဝါ) နှင့် 'ဖိုးဝ' (ဇော်ဝမ်း+မေရွှက်ဝါ) တေးစီးရီးများထွက်ရှိစဉ်မှာပင် ပရိသတ်အသိအမှတ်ပြုအားပေးခြင်းကို ရရှိခဲ့သူဖြစ်ကာ၊ တစ်ကိုယ်တော်တေးသီချင်းခွေများအပြင် စုံတွဲတေးများ၊ ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ၊ အငြိမ့်သီချင်းခွေများ စသည့်ရသစုံလင်စွာ သီချင်းတိပ်ခွေ ၁၀၀ ကျော်ထွက်ရှိထားသူဖြစ်သည်။ ယင်းဂီတဖျော်ဖြေပွဲကြီး၏ဝင်ကြေးအဖြစ် တစ်သောင်း၊ နှစ်သောင်း၊ သုံးသောင်း၊ ငါးသောင်းကျပ်သတ်မှတ်ထားပြီး မန်းသီရိတေးသံသွင်းနှင့် 1876 call center တို့တွင် ကြိုတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

**အိသူ**

# စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ဆင့်မအကြိမ်မြောက် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စာပေချစ်မြတ်နိုးသူများအဖွဲ့မှကြီးမှူး၍ စာဆိုတော်နေ့အထိမ်းအမှတ်ဆဌမအကြိမ်မြောက် စာပေဟောပြောပွဲကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ သန်လျင်မြို့ရှိ သာသနာ့ဗိမာန်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါစာပေဟောပြောပွဲတွင် ဟောပြောကြမည့်စာရေးဆရာများမှာ ဒီဇင်ဘာလ ၉ ရက်နေ့ညတွင် စာရေးဆရာ သန်လျင်မောင်မောင်ဦး၊ စာရေးဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ညတွင် စာရေးဆရာလယ်တွင်းသားစောချစ်၊ ကာတွန်းဆရာမြေဇာ၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ညတွင် ဒါရိုက်တာကြည်စိုးထွန်းနှင့် ဦးထွန်းလွင် (မိုးလေဝသ) တို့က ညစဉ် ၇ နာရီမှစတင်၍ စာပေရေးရာများဟောပြောကြမည်ဖြစ်ကြောင်းသိရသည်။

စာပေဟောပြောပွဲနှင့်အတူ စာအုပ်ဈေးရောင်းပွဲတော်၊ ကာတွန်းပြပွဲနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်ပညာသင်နှစ် သန်လျင်တစ်မြို့လုံးဆိုင်ရာမှ တက္ကသိုလ်ဝင်တန်းမြန်မာစာဂုဏ်ထူးရှင်များအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ရာ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များ မည်သူမဆိုအခမဲ့တက်ရောက်အားပေးနိုင်ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

## K-pop Song & Dance ပြိုင်ပွဲ Junction Square တွင် ကျင်းပမည်

KFM Online Page မှ ဦးစီး၍ K-pop Song & Dance ပြိုင်ပွဲကြီးကို ဒီဇင်ဘာလ ၁၀ ရက်နေ့ ညနေ ၄ နာရီမှစတင်၍ ရန်ကုန်မြို့၊ Junction Square Free Zone တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း Smart Media ၏ Event Organizer မဖွေးဖွေးကပြောကြားသည်။

'ဒီပွဲက Music နဲ့ပတ်သက်တဲ့ပွဲပါ။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိကြတဲ့ K-pop ကိုစိတ်ဝင်စားကြတဲ့ ကလေးတွေအတွက်ပါ။ သူတို့တွေက ပရိသတ်နဲ့အဆက်အစပ်မရှိကြဘူး။ သူတို့အဖွဲ့နဲ့သူတို့ ဆိုကြ၊ ကကြတယ်ဆိုတော့ သူတို့ရဲ့ဘောင်ကကျဉ်းနေသလိုဖြစ်နေတာကို လူတွေပိုသိလာအောင် မြေတောင်မြှောက်ပေးတဲ့သဘောနဲ့ဒီပွဲကို ကျင်းပရတာပါ' ဟု ၎င်းကပြောသည်။

ယင်းပြိုင်ပွဲအတွက် အောက်တိုဘာလအတွင်း KFM Page မှ ပြိုင်ပွဲဝင်များအား လျှောက်လွှာခေါ်ယူခဲ့ရာ အဖွဲ့ဝင် ၆၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပဏာမအဆင့် Dance (၁၀) ဖွဲ့၊ Song (၁၀) ဖွဲ့အား ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး၊ Final အဆင့်ပြိုင်ပွဲကြီးအား Junction Square တွင် ဆက်လက်ကျင်းပ၍ Song (၁) ဆု၊ Dance (၁) ဆု၊ Winner (၂) ဆုရွေးချယ်ပြီး Winner ဆုအတွက်ကျပ် ၅ သိန်းနှင့် Popular Choice အတွက်ကျပ် ၃ သိန်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကျင်းပနေစဉ်အတွင်း တေးသံရှင်အောင်ထက်နှင့်နင်ဇီမေတို့က တေးသီချင်းများဖြင့်ဖျော်ဖြေမည်ဖြစ်ပြီး၊ မင်းမင်းထွန်း၏ Life & Dance အကအဖွဲ့၊ Project-K အကအဖွဲ့တို့မှကပြဖျော်ဖြေမည့်အပြင် ဝင်ကြေးလက်မှတ် ၅၀၀၀ ကျပ်ဖြင့်ဝယ်ယူသူတိုင်းအား K-pop Orginal Album နှင့် လက်ဆောင်ပစ္စည်းများအား ကံစမ်းမဲဖောက်ပေးအပ်သွားမည်ဖြစ်ကြောင်း KFM Founder ဖြစ်သူ ကိုဖုန်းမြတ်က ပြောကြားသည်။

**ရွှေကို**

## ဂီတလုလင်ဦးကိုကို ကွယ်လွန်ခြင်း ၉ နှစ်ပြည့် အမှတ်တရစာအုပ်ထုတ်ဝေ

**မင်းထွဏ်း**



'မယ်သီတာလို မိန်းကလေး'၊ 'တိုက်ပွဲခေါ်သံ'၊ 'ဆန်ရေ' ရုပ်ရှင်ဇာတ်ကားများဖြင့် တေးဂီတအကယ်ဒမီဆု (၃) ကြိမ်ဆွတ်ခူးရရှိထားသူ၊ ကမ္ဘာ့ဂီတအထူးပြု Ph-D ဖြေဆိုမည့် အမေရိကန်နှင့်ကနေဒါနိုင်ငံများမှ သင်တန်းသားများအား မြန်မာ့တေးဂီတသမိုင်းနှင့်မြန်မာ့တေးသီချင်းများအကြောင်း ပို့ချသင်ကြားပေးခဲ့သူ၊ နိုင်ငံတော်မှ လူမှုထူးချွန်ပထမအဆင့်ပေးအပ်ချီးမြှင့်ခဲ့သူ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ပိုင်ရှင် ဂီတလုလင်ဦးကိုကို ကွယ်လွန်ခြင်း ၉ နှစ်ပြည့်အဖြစ် 'ဂီတဝက်ဘာထဲက ဂီတလုလင်' စာအုပ်နှင့်ဆရာဂီတလုလင်ဦးကိုကို ကိုယ်တိုင်ရေးစပ်တီးခတ်သီဆိုခဲ့သည့် မှုံရွှေရည်၊ ဖန်တီးသူတို့အပြုံး၊ မိသားစုတနင်္ဂနွေ၊ တစ်ကျော့နှစ်ကျော့တေးကိုသီ၊ ဂီတအခြေခံ၊ မာန်စသည့် တေးသီချင်းများစုစည်းထားသည့် Audio CD ထုတ်ဝေခြင်းနှင့် အမှတ်တရလက်ဆောင်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာလ ၁၆ ရက်နေ့က ရန်ကုန်မြို့ M3 စားသောက်ဆိုင်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အစ်ကိုရင်းဖြစ်သူစည်သူဒေါက်တာဗိုလ်ကလေးတင့်အောင်၊ ဒါရိုက်တာဦးအောင်မြင့်မြတ်၊ ခေတ်ပုံပညာရှင်ဆရာဦးမြင့်သိန်းဖေတို့က အမှတ်တရစကားပြောကြားသည်။ အမှတ်တရစာအုပ်ထုတ်ဝေခဲ့ခြင်းနှင့်စပ်လျဉ်း၍ သမီးဖြစ်သူဒေါ်အေးချမ်းကိုကိုက ရှင်းလင်းပြောကြားရာတွင် 'ဒီနှစ် ဖေဖေ ကွယ်လွန်တာ ၉ နှစ်ပြည့်တာပါ။ ဆုံးသွားပြီး တစ်နှစ်၊ နှစ်နှစ်လောက်ထိ ပုံမှန်ဘုန်းကြီးဆွမ်းကပ်တာ၊ အလှူအတန်းလုပ်ခဲ့တာရှိပေမယ့် နောက်ပိုင်းနှစ်တွေမှာ အမှတ်တရအလှူတွေခဲ့တယ်။ ဖေဖေ ဆန္ဒရှိခဲ့တဲ့ အနုပညာတက္ကသိုလ်က ကျောင်းသားကျောင်းသူတွေအတွက် တစ်ကြိမ်ကို (၁၀) သိန်းနဲ့ သိန်း (၄၀) လှူခဲ့ပြီးပါပြီ။ အဖေနဲ့သူ့ရဲ့မိတ်ဆွေတွေကြားရင်းနှီးမှုတွေ၊ အမှတ်တရတွေသိမ်းဆည်းထားချင်တယ်။ ပျော်စရာတွေ၊ ဝမ်းနည်းစရာတွေ၊ စိတ်မကောင်းဖြစ်စရာတွေပါမယ်။ ကိုယ်တိုင်ဖတ်ကြည့်ချင်သလို ရင်းနှီးခင်မင်တဲ့သူတွေကိုလည်းမျှဝေချင်တဲ့ ဆန္ဒနဲ့ဒီစာအုပ်နဲ့ CD ကိုထုတ်ဝေဖြစ်ခဲ့တာပါ' ဟု ပြောကြားသည်။

## နှလုံးသွေးကြောအဆို့ရှင် လဲလှယ်တပ်ဆင်



မန္တလေးဆေးရုံကြီး၊ နှလုံးသွေးကြောခွဲစိတ်ဆရာဝန်များနှင့်ပြင်သစ်နှလုံးခွဲစိတ်ပါရဂူတို့ပူးပေါင်း၍ နိုဝင်ဘာလ ၂၈ ရက်နေ့က နှလုံးအထက်သွေးကြောမကြီးမှ တစ်လမ်းသွားအဆို့ရှင်သွေးကြောတံခါးမကောင်းသော လူနာတစ်ဦးအား ဝက်မှထုတ်ယူထားသောသွေးကြောတံခါး Pocine Tissue Valve ဖြင့် အစားထိုးလဲလှယ်မှုကို ပထမဆုံးဆောင်ရွက်ခဲ့ရာအောင်မြင်မှုရရှိပြီး ဌာန၏မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့သည်။ အဆို့ရှင်ပျက်စီးလူနာများအား Mechanical/ Prosthetic valve ထည့်၍ ကုသနည်းများရှိသော်လည်း သွေးကြောတွင်သွေးခဲမကပ်စေရန် Warfarin သွေးကြဲဆေးတစ်သက်လုံးသောက်သုံးရခြင်း၊ ဦးနှောက်သွေးယိုခြင်း၊ အစာအိမ်သွေးယိုခြင်းများဖြစ်တတ်ခြင်း၊ အမျိုးသမီးများရာသီသွေးများခြင်းများဖြစ်တတ်ကြောင်း၊ ဝက်၏နှလုံးသွေးကြောအဆို့ရှင်တံခါး (Pocine) ထည့်ထားပါက ဘေးထွက်ဆိုးကျိုးနည်းပါးကြောင်း၊ တိုးတက်ဖွံ့ဖြိုးသောနိုင်ငံများတွင် Tissue Valces နည်းကိုအသုံးပြုကြကြောင်း မန္တလေးဆေးရုံကြီး နှလုံးသွေးကြောခွဲစိတ်ကုဌာနတွဲဖက်ပါမောက္ခ ဒေါက်တာခင်မောင်ထွေးက ရှင်းလင်းပြောပြသည်။

**သီဟကိုကို(မန္တလေး)**

## Ve Ve အချိုရည် နှစ် (၂၀) ပြည့်အထိမ်းအမှတ် သီချင်းခွေတွင် အဆိုတော်များစွာပါဝင်သီဆို

Ve Ve အချိုရည် ဈေးကွက်တင်ရောင်းချခြင်း နှစ် (၂၀) ပြည့် အထိမ်းအမှတ်အဖြစ် Media 7 မှ စီစဉ်ထုတ်လုပ်သည့် 'Ve Ve 20 th Anniversary Audio CD' တေးသီချင်းခွေကို Bo Bo Music Production မှ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်ကြောင်းသိရှိရသည်။

ယင်းတေးစီးရီးတွင် နာမည်ကြီးတေးသံရှင်များဖြစ်ကြသည့် စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ Snare ၊ လွှမ်းပိုင်၊ ရဲရင့်အောင်၊ ရွှေထူး၊ ဖြိုးပြည့်စုံ၊ G-Fatt ၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ ပိုပို၊ Boby Soxer၊ အိချောပို၊ နန်းမြတ်ဖြိုးသင်း၊ နန်းဆုဦးတို့၏ စိတ်ကြိုက်တေးသီချင်း (၁၄) ပုဒ် ပါဝင်မည်ဖြစ်ပြီး ပေါ့ပ်၊ RNB ၊ ဟစ်ဟော့ပ် အမျိုးအစားများဖြစ်ကြောင်းသိရသည်။

ဒီလိုအခွေမျိုးက ဂီတလောကမှာ မပေါ်ပေါက်တာအတော်ကြာပါပြီ၊ ဒီလောက်လူစုံပါဝင်ဖို့မလွယ်ပါဘူး။ Ve Ve ဥက္ကဋ္ဌနဲ့မိသားစုကိုကျေးဇူးတင်ပါတယ်။ ဒီဇင်ဘာလ ၃ ရက်နေ့ အခွေစဖြန့်မှာပါ။ ဒီဇင်ဘာလ ၄ ရက်နေ့မှာ မန္တလေးမှာလက်မှတ်ထိုးပွဲလုပ်မှာပါ။ မုံရွာနဲ့ပုသိမ်မှာ အခွေမိတ်ဆက်ပွဲလုပ်ပါမယ်။ ဆက်လက်ပြီး ခမ်းခမ်းနားနားဖြစ်ဖို့ Live Show ပုံစံမရိုက်ဘဲ MTV ရိုက်မှာဖြစ်ပါတယ်ဟု နိုဝင်ဘာလ ၅ ရက်နေ့က ဆူးလေရှန်ဂရီလာဟိုတယ်တွင်ကျင်းပသည့် တေးစီးရီးမိတ်ဆက်ပွဲတွင် ကိုဘိုဘိုစန်းကပြောကြားသည်။

**MMT**



# ကားပါကင်စက်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်း အလုပ်ရုံဖွင့်ပွဲနှင့် အရန်မီးသတ်တပ်ဖွဲ့သို့ အလှူငွေပေးအပ်

မြန်မာနိုင်ငံမှရှင်ရဲထွဋ်ကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှဝါတာဟန်ကုမ္ပဏီတို့ပူးပေါင်း၍ ရှင်ဝါတာဟန် (Shin Watahna) အမည်ဖြင့် ကားပါကင်စက်ပစ္စည်း (Car Parking Machine) များ တပ်ဆင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ချယ်ရီလမ်း၊ အမှတ် (၃၇) ၌ နိုဝင်ဘာလ ၁၇ ရက်နေ့၊ နံနက် ၁၀ နာရီကကျင်းပပြုလုပ်ရာ ဂျပန်နိုင်ငံဝါတာဟန်ကုမ္ပဏီမှ ဥက္ကဋ္ဌ Mr.Masanori Nagano၊



ရှင်ရဲထွဋ်ကုမ္ပဏီမှ ဥက္ကဋ္ဌဦးရဲထွဋ်နှင့် ဝါတာဟန်ကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ Mr.Yoshiharu Okabe တို့က အလုပ်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်အရန်မီးသတ်တပ်ဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်းနှင့်ပုလဲဓမ္မာရုံသို့ အလှူငွေကျပ် ၅ သိန်းတို့အားပေးအပ်လှူဒါန်းခဲ့သည်။ ရှင်ရဲထွဋ်ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲထွဋ်က 'ကျွန်တော်တို့အဓိကထားလုပ်မှာကတော့ ရွေ့လျားကားပါကင်နှင့် အထပ်မြင့်ကားပါကင်ဆိုတာပါ။ ရန်ကုန်မြို့လမ်းသွယ်တွေမှာ ဂျပန်နည်းပညာနှင့်အထပ်မြင့်ကားပါကင်လုပ်မယ်ဆိုရင် ပေ ၃၀၊ ပေ ၆၀ ဆိုရင် ကားအစီးရေ ၇၀ လောက်ဆန့်မယ်။ နိုင်ငံတော်ကိုအကူအညီတောင်းမယ်။ နိုင်ငံတော်ကလုပ်စေချင်တယ်ဆိုရင် ပူးပေါင်းပြီးလုပ်ပါမယ်။ ဒါမှ ရန်ကုန်မြို့မှာရင်ဆိုင်နေရတဲ့ ယာဉ်ကြောကျပ်တည်းမှုပြဿနာကို ဖြေရှင်းပေးနိုင်မယ်' ဟု ပြောကြားသည်။

ယခုဖွင့်လှစ်သည့်အလုပ်ရုံသည် (Assemble Car Parking) အဆင့်သာရှိပြီး ထုတ်လုပ်မှုအပိုင်းကို လှိုင်သာယာ၊ ရွှေပြည်သာကဲ့သို့ စက်မှုဇုန်များ၌ပြုလုပ်ကာ နောက်ပိုင်းတွင် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းနှင့် ကားပါကင်နှင့်ပတ်သက်သည့်နည်းပညာများကို ဝါတာဟန်က လုပ်ဆောင်နိုင်တဲ့အတွက် အခုလိုပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သန်းဦးလှိုင်**

# ရဲတံခွန်လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆) စာတမ်းဖတ်ပွဲနှင့်ရွေးချယ်ပွဲကျင်းပ

Petronas Agency မှကြီးမှူး၍ ရဲတံခွန်လူငယ်ဖွံ့ဖြိုးရေး (၂၀၁၆) စီမံကိန်းစာတမ်းဖတ်ပွဲနှင့်စိစစ်ရွေးချယ်ပွဲကို နိုဝင်ဘာလ ၂၆ ရက်နေ့၊ နံနက် ၉ နာရီက ရန်ကုန်မြို့၊ အလုံလမ်းရှိ Summit Park View Hotel တွင်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ဦးတီထွင်အနာဂတ်ပညာရေးဖွံ့ဖြိုးမှုစာဖတ်ခန်းများပေါ်ထွက်ရေး၊ ကျန်းမာရေးအထောက်အကူပြုပညာဌာနဖွံ့ဖြိုးလာရေးခေါင်းစဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်ဒေသခံလူငယ်အဖွဲ့ ၄ ဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်ဒေသခံလူငယ်အဖွဲ့ ၄ ဖွဲ့၊ စုစုပေါင်း ၈ ဖွဲ့မှလူငယ်ကိုယ်စားလှယ်များက စာတမ်းများအသီးသီးဖတ်ကြားတင်သွင်းသည်။

ယင်းတို့တင်သွင်းခဲ့သည့်စာတမ်းများနှင့်ပတ်သက်၍ Final အဆင့်ရွေးချယ်ပွဲကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဆက်လက်ကျင်းပရွေးချယ်သွားမည်ဖြစ်ကာ ပထမဆုရရှိသူအား အမေရိကန်ဒေါ်လာ ၂,၅၀၀ အပါအဝင် မလေးရှားနိုင်ငံ



သို့ ဒေသန္တရလေ့လာရေးခရီးစဉ်သွားရောက်ခွင့်ရရှိရန် စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့်ဆုရစာတမ်းပါ စီမံကိန်းများအား ဂျပန်နိုင်ငံအခြေစိုက် Petronas Agency မှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း CAA Petronas Agency မန်နေဂျာ ဦးစောနေလင်းခေါင်က ပြောကြားသည်။

**သက်ဦး**

# ဖျံ့သွေး (မြန်မာ) နှင့်ဆင်မနီ (ထိုင်း) တို့၏ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ တောင်ငူမြို့၌ကျင်းပမည်

ပထမဆုံးအကြိမ်အဖြစ် မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ BATTLE FOR GLORY ကို တောင်ငူမြို့၊ ကေတုမတီမိုးလုံလေလုံအားကစားရုံတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ယင်းစိန်ခေါ်ပွဲတွင် ပွဲစဉ် ၈ ပွဲပါဝင်မည်ဖြစ်ရာ အဓိကပွဲစဉ်အဖြစ် လူငယ်ရိုးရာလက်ဝှေ့ကျော်ဖျံ့သွေး (မြန်မာ) နှင့်ထိုင်းနိုင်ငံ၏မွေထိုင်းလက်ဝှေ့လောကတွင် 2012 THAI FIGHT ခါးပတ်ယူထားသည့် ထိုင်းနိုင်ငံသားမွေထိုင်းလက်ဝှေ့သမားဆင်မနီတို့ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယပွဲစဉ်အဖြစ် တောင်ငူမြို့သား လက်ဝှေ့ကျော်ထွန်းနိုင်ဦး (STL) နှင့်ထိုင်းနိုင်ငံသားမွေထိုင်းလက်ဝှေ့သမားတစ်ဦးတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ထိုင်းနိုင်ငံသားမွေထိုင်းနေရာအတွက် ရွေးချယ်မှုပြုလုပ်နေဆဲဖြစ်သည်။ ကျန်ပြည်တွင်းရိုးရာလက်ဝှေ့သမားအချင်းချင်း ယှဉ်ပြိုင်ထိုးသတ်မည့် အဓိကပွဲစဉ်အဖြစ် နေရူဘီ (STL) နှင့်ချိုင်းထူး (နဂါးမာန်) တို့ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်းနှင့် ကျန်ပွဲစဉ်များအဖြစ်ထိုးသတ်သည့်အခါတွင် တောင်ငူမြို့သားလက်ဝှေ့ကျော်များနှင့် အခြားပြည်တွင်းလက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ဝှေ့စိန်ခေါ်ပွဲကြီးအတွက် လက်မှတ်များကို တောင်ငူမြို့တာဝန်ခံ ကိုစောစင်မြူရယ်၊ ဖုန်း-၀၉ ၇၈၂၁၃၃၂၆၀ သို့ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ဖျံ့သွေးသည် ၂၀၁၅ ခုနှစ် ၇၁ ကီလိုတန်းရွှေခါးပတ်ရရှိသည့်အချိန်မှစ၍ နာမည်ကျော်လာသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ပြည်တွင်းနာမည်ကျော်လာသည့် ပထမတန်းလက်ဝှေ့ကျော်များဖြစ်သည့် ပထမလက်ဝှေ့ကျော် စောဂေါ်မူဒို၊ သပြေညိုတို့ကို အလဲထိုးအနိုင်ရရှိထားသူဖြစ်သည်။ ထိုင်းလက်ဝှေ့သမားဆင်မနီသည်လည်း THAI FIGHT ချန်ပီယံရထားသူဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ကို ပထမဆုံးအကြိမ် လာရောက်ထိုးသတ်ကြောင်းသိရသည်။

**ဟိန်းသူ (ခေတ္တတပ်ကုန်း)**

**သတင်းနှင့်ကြော်ငြာများ ဆက်သွယ်ထည့်သွင်းနိုင်**
**၀၆၇-၄၀၅၀၅၇ ၊ ၀၆၇-၄၀၅၄၂၉၊ ၀၁ -၂၅၀၆၅၁**

# မသန်စွမ်းသူများအနုပညာပွဲတော်ဖြစ်မြောက်ရေးအတွက် မတည်အလှူငွေကို Asia World Foundation မှလှူဒါန်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပပြုလုပ်မည့် တတိယအကြိမ် အနုဋ္ဌရောင်စဉ် မြန်မာနိုင်ငံမသန်စွမ်းသူများ အနုပညာပွဲတော်ဖြစ်မြောက်ရေးအတွက် မတည်အလှူငွေ ကျပ်သိန်း ၁၀၀ တိတိကို Asia World Foundation မှလှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါအလှူငွေပေးအပ်ခြင်းအခမ်းအနားကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် အဖွဲ့၏သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစီအစဉ်အရ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးနေလင်းစိုးက အဖွင့်အမှာစကားနှင့်အဖွဲ့၏ငါးနှစ်တာအတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကိုရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် Asia World Foundation မှတာဝန်ရှိသူတစ်ဦးက မတည်အလှူငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး အဖွဲ့သို့အလှူငွေပေးအပ်လှူဒါန်းရာ အဖွဲ့မှဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။ လုပ်ငန်းဆောင်ရွက်ရေးဒါရိုက်တာ ဦးအောင်ကိုမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**



# SME Head များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်ရည်ရွယ်
# Strengthening Capacity Building Training of Staffs, Who Serve for SMEs Development သင်တန်းပို့ချ

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနသည် ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ရုံးချုပ်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်ရုံးခွဲအသီးသီးရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည့် SME Head များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်ရည်ရွယ်၍ **Strengthening Capacity Building Training of Staffs, Who Serve for SMEs Development သင်တန်း**ကို နိုဝင်ဘာလ ၂ ရက်နေ့မှ ၈ ရက်နေ့အထိ နေပြည်တော်ရှိ ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်အမှာစကားပြောကြားခဲ့သည်။

သင်တန်းတွင် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ MLMI မှ ကျောင်းအုပ်ကြီးပါမောက္ခဆရာဦးအေးကျော်၊ CSIS မှ ဆရာဦးညီညီ၊ Strategy First မှ ဆရာဦးအောင်ချစ်ခင်၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ IP ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးသွယ်၊ စံချိန်စံညွှန်းသတ်မှတ်ရေးဌာနမှ ဒေါက်တာဇာနည်အောင်၊ EU-ASEAN IPR SME Helpdeskမှ Myanmar Expert ဦးမင်းတေဇညွန့်တင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းတို့က Customer Service, Professionalism in the Workplace, Competencies of SME Facilitations, Developing Positive Attitude, Mastering Cooperation, Coordination & Collaboration, Innovation & Entrepreneurship, Standardization, Personal Ethic, Presentation Skill, Business Communication, Time Management, Knowledge Awareness for Investment, Consumer Protection, Competition Law, Intellectual Property, Patent, Trademark, Logo, Emotional Quotient, Time Management, Personal Branding, URI Collaboration, SME in Trading Section နှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ စက်မှုဝန်ကြီးဌာနမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးခရိုင်ရုံးများမှ သင်တန်းသားများ စုစုပေါင်း ၈၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။




## ပြည်ပသွားရောက်ခဲ့သည့်ဝန်ထမ်းများ အတွေ့အကြုံမျှဝေရှင်းလင်း



စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ စီမံရေးဌာနနှင့် စက်မှုဖွံ့ဖြိုးရေးဌာနတို့မှ အရာထမ်းများ၊ စက်မှုသင်တန်းကျောင်းများမှ ဆရာ/ဆရာမများသည် ပြည်ပနိုင်ငံများတွင်လေ့လာရေး၊ အလုပ်ရုံဆွေးနွေးပွဲများနှင့်သင်တန်းများသို့ သွားရောက်ခဲ့ကြပြီး၊ ရရှိခဲ့သောအတွေ့အကြုံများကို မိမိဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ပြန်လည်မျှဝေခြင်း (Knowledge Sharing) အခမ်းအနားကို နိုဝင်ဘာလ ၁၇ ရက်နေ့၊ နေ့လယ် ၂ နာရီအချိန်တွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဆွီဇင်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့်ကိုရီးယားနိုင်ငံများသို့ သွားရောက်ခဲ့ကြသည့် အရာထမ်းများကိုယ်စား အရာထမ်း (၆) ဦးမှ ၎င်းတို့၏ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အတွေ့အကြုံများကို Power Point Presentation များဖြင့် ရှင်းလင်းတင်ပြခဲ့ကြပြီး၊ ဆွေးနွေးပွဲသို့ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ဝန်ထမ်းများနှင့် စက်မှုသင်တန်းကျောင်းများမှ ဆရာ/ဆရာမ များ၊ စုစုပေါင်းဝန်ထမ်း (၃၀) ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**QUALITY IS A NEVER ENDING JOURNEY**

## ပန်းပွဲတော်ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ရှိ ကန်တော်ကြီးအမျိုးသားရုက္ခဗေဒဥယျာဉ်တွင် ပန်းပွဲတော်ကိုလာမည့် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ရာ ပန်းပွဲတော်အတွက် သစ်ပင်ပန်းမန်များကိုအလှဆင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများအပြင် အခြားသောပြင်ဆင်မွမ်းမံခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေသည်။

ယခုနှစ်ကျင်းပပြုလုပ်မည့်ပန်းပွဲတော်သည် (၁၁) ကြိမ်မြောက် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဒေသထွက်ကုန်ပစ္စည်းများ၊ ဆွယ်တာအနွေးထည်များ၊ လက်မှုပစ္စည်းများနှင့် အခြားသောအမှတ်တရပစ္စည်းများပြသရောင်းချမည့် အရောင်းဆိုင်များလည်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အမျိုးသားရုက္ခဗေဒဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဥယျာဉ်၏စုစုပေါင်းဧရိယာမှာ ၄၃၇ ဧကခန့်ကျယ်ဝန်းပြီး နှစ်စဉ်ပြည်တွင်း၊ ပြည်ပဧည့်သည် သန်းနှင့်ချီ၍လာရောက်အပန်းဖြေလေ့ရှိကာ ကမ္ဘာပေါ်တွင်ထင်ရှားကျော်ကြားသော ရုက္ခဗေဒဥယျာဉ်တစ်ခုဖြစ်ကြောင်းသိရသည်။ **စံမျိုးထက်**



ဓာတ်ပုံ-အင်တာနက်

**Earnest**
YTK Services Limited.

## Nay Lin Aung

One Stop Service for:
- Building Construction & Design
- Interior Decoration
- Renovation
- Office & Factory
- Water Supply & Sanitation
- M & E Design, Estimate, Installation & Service

No. (38), Mawlamyaing Street, Sayar San North / West Ward,
Bahan Township, Yangon, Myanmar.
Mobile : 09 5094456, 09 799884320
Email : bodaw9496@gmail.com

**THIDA** Chan Myay Electrical Trading Co., Ltd.
No. (17), Myintzu Street, Parami Avenue, Yankin Township, Yangon. Tel: 01 660857



THIDA Chan Myay အနေဖြင့်
- လျှပ်စစ်ဓာတ်အားခွဲရုံသုံး ပစ္စည်းကိရိယာအမျိုးမျိုး
- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ပစ္စည်းကိရိယာအမျိုးမျိုး
- High Voltage/ Low Voltage သုံး Circuit Breaker အမျိုးမျိုးနှင့် ဆက်စပ်သုံးပစ္စည်းများ
- လျှပ်တာပြောင်း (Transformer) အမျိုးမျိုးတို့ကို ရောင်းချဖြန့်ဖြူးတာဝန်ယူ တပ်ဆင်ပေးလျက်ရှိပါသည်။

(လုပ်ငန်းလိုအပ်ချက်အရ တည်ဆောက်လိုသော Transformer (KVA) အရွယ်အစားအမျိုးမျိုး တို့ကို လုပ်ငန်းအစမှ ပြီးဆုံးသည်အထိ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ပါသည်။)

INSTALLATION & MATERIALS SUPPLY OF
- SUB STATION ACCESSORIES, TRANSMISSION & DISTRIBUTION LINE ACCESSORIES
- HIGH VOLTAGE / LOW VOLTAGE SWITCH GEAR PANEL/ CUBICLES
- TRANSFORMER & ACCESSORIES

Contact us
09 5133406, 09 5011478, 09 5141179, 09 5559600, 09 5028017, 09 5073931, 09 73073948
Fax : 951 660857 Email : info@thidachanmyay.com, office@thidachanmyay.com

# MYIT SHWE WAH
## INDUSTRY CO.,LTD.



" စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး စသည့် လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော
(၁) ပလပ်စတစ်အိတ် နှင့် အလိပ်မျိုးစုံ
(၂) PVC Shrink Label & Capseal များအား
ကမ္ဘာ့အဆင့်မီကုန်ကြမ်းပစ္စည်းများနှင့် ခေတ်အမီဆုံး နိုင်ငံခြားစက်သစ်ကြီးများအား အသုံးပြု၍ အရည်အသွေးကောင်းမွန်၊ တိကျမြန်ဆန်ဆုံးနှင့် ဈေးနှုန်း အချိုသာဆုံးဖြစ်အောင် ပြည်တွင်းတွင် အစအဆုံးလက်ခံ ထုတ်လုပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ "

**MYIT SHWE WAH PLASTIC PACKING FACTORY**

No.124, Hakha Street, 23rd Quarter, Industrial Zone (1), South Dagon T/S, Yangon, Myanmar.
Tel: 951-590433, 591349, 590187, 09-43111631, 09-43111695 ,Fax: 951-590040,
E-mail: myitshwewah@goldenland.com.mm. myitshwewah@mptmail.net.mm,
http:// www.myitshwewah.com.




SHWE LA NGWE LA CO., LTD.
WWM
ဝင်းဝင်းမြန်မာ
STEEL TRADING
အရည်အသွေးမြင့် ဇီယက်နမ်ပေါက်လိုပိုက်
မြန်မာပြည်ဈေးကွက်အတွင်း အရည်အသွေးအမြင့်ဆုံး ဗီယက်နမ်ပေါက်လိုပိုက်။
အလေးချိန် (KG) မှန်သည်။ (အတိုးအလျော့ ၁၀% အတွင်း)
သင့်တင့်သောဈေးနှုန်း။
Japan & USA Standards.
ပရဟိတလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အဦများအတွက် "အထူးလျှော့ဈေး" ဖြင့် ရောင်းချပေးပါသည်။
စေတနာအပြည့်ထား၍ ရောင်းချပေးသဖြင့် ဝယ်ယူအားပေးသူမိတ်ဆွေအားလုံးစိတ်ချမ်းသာမှု အပြည့်အဝ ရရှိစေရပါမည်။
GI HOLLOW / MS HOLLOW
U-CHANNEL
H-BEAM
I-BEAM
ANGLE IRON
: 01 565591, 01 8550381, Fax: 01 579081
01 9640119, 01 9640120, 655020, 09 73277799
09 5163784, 09 785163784, 09 965041003
01 618679, 01 618680
067 26230 09 965163784, 09 975036955
Email: wwmhollows@gmail.com




HTOO HAN THIT COMPANY LIMITED.
HHT
TRADING
GENERAL GOODS
COAL AND PRODUCTS
MACHINERIES
VEHICLES,TRUCK,BUS
SHIP,VESSEL
FACTORY AND TECHONOLOGY
VEHICLES AUCTION
MACHINERIES AUCTION
MINING
COAL MINING
MARBLE MINING
PLANTATION
TEAK PLANTATION NEEM PLANTATION
OTHERS
Myanmar Office:
No. (15/kha), Bawga Street, Ward-5, 9th Miles, Mayangone Tsp., Yangon.
Tel : 01 655621, 01 8616812, H.P : 09 8623237, 09 5144941, 09 8634941, 09 5101441
E-mail : htoohanthit@gmail.com, htinlinnkyaw313@gmail.com
Japan Office:
6-16-18, Funakoshi Cho, Yokosuka shi, Kanangawa, Japan. 237-0076.
Tel : 81 046 861 0905 Fax : 81 046 861 0915
E-mail : htoohanthit@gmail.com | Website : http://htoohan.com




TT Tip Top Engineering Products Pte.,Ltd
ထိပ်တန်း လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး
TIP TOP ENGINEERING SERVICES
Tip Top Engineerin Services Co., Ltd.
Mechanical & Electrical
- Engineers, Contractor,
- Design, Estimating,
- Installation, Commissioning
- Services
No. (717/B), Bayint Naung Road, West Ywama Quarter, Insein Township, Yangon.
No. 530(A), Myo Parth Lane, West Ywama Quarter, Insein Township, Yangon, Myanmar.
Tel : 01-645849, 09-73070574, 09-73070575, 09-979-8681179, 09-5007686 Fax : 645849
E-mail : koyemyintoo2012@gmail.com, engineeringservices.tiptop@gmail.com

S.M.I
SUN MYANMAR GROUP OF COMPANIES
OFFICE
No.797,(504/B),MAC Tower(II),Corner Of Bogyoke Aung San & Wardan St,
Lanmadaw Tsp,Yangon,Myanmar.
Tel :01-211076,212944(Ext :504),2301031
E-mail :sunmyanmar1000@gmail.com.
FACTORY
No.469,Mandalay Street,23 Ward,Industrial Zone (1),South Dagon,Yangon, Myanmar.
Tel :01-595526,09-730 43308,09-730 42414

## စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) နှင့် အမှတ် (၂၆) အကြီးစားစက်ရုံ (သာဂရ)တို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း

## (Expression of Interest)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ရှိ အောက်ဖော်ပြပါထုတ်လုပ်မှုအလုပ်ရုံများနှင့် အမှတ် (၂၆) အကြီးစားစက်ရုံ (သာဂရ) တို့အား စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်-

(၁) အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)

(က) PVC Wire ကြိုးထုတ်လုပ်မှုအလုပ်ရုံနှင့် ဆက်စပ်အလုပ်ရုံများ

(ခ) Transformer ထုတ်လုပ်မှုအလုပ်ရုံ

(ဂ) Machine Tools ထုတ်လုပ်မှုအလုပ်ရုံများ

(၂) အမှတ်(၂၆) အကြီးစားစက်ရုံ (သာဂရ)

(က) Turbine, Generator နှင့် ဆက်စပ်အလုပ်ရုံများ

၂။ **စိတ်ဝင်စားသောကုမ္ပဏီများမှာ အထက်ပါအလုပ်ရုံများအားလုံး (သို့) ကြိုက်နှစ်သက်ရာ အလုပ်ရုံများအား ရွေးချယ်တင်သွင်းနိုင်ပါသည်။**

၃။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့်ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ Expression of Interest (EOI) ကို စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့လိပ်မူလျက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ညနေ ၃ နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (EOI) ပုံစံနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများပြသ၍ အထက်ပါလိပ်စာတွင် ၂၅-၁၁-၂၀၁၆ နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ပြရမည့် ကုမ္ပဏီဆိုင်ရာအထောက်အထားများ**

(က) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်

(ခ) ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း/စည်းကမ်း

(ဂ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း - ၀၆၇ - ၄၀၈၁၈၃၊ ၀၆၇ - ၄၀၈၂၀၄)

## Invitation of Expression of Interest (EOI) for Cooperation with No.(23) Heavy Industry ( Nyaung Che Dauk) & No.(26) Heavy Industry ( Thagaya) Under No. (2) Heavy Industrial Enterprise, Ministry Of Industry

No.23 Heavy Industry ( Nyaung Che Dauk), and No. 26 Heavy Industry (Thagaya) No.(2) Heavy Industrial Enterprise, Ministry Of Industry are intended to cooperate with Local and Foreign Entrepreneurs as JV, Long Term, Product Share,... etc.

(1) No.23 Heavy Industry (Nyaung Che Dauk)

a. PVC Wire Production Shop and Related Shops

b. Transformer Production Shop

c. Machine Tool Production Shops

(2) No.26 Heavy Industry (Tha Ga Ya)

a. Turbine, Generator and Related Shops

**Companies may choose/ select all production shops or interested shops.**

As a first step, Companies who interested in those Cooperation are required to sumit their Expression of Interest (EOI) not later than 3 pm (Myanmar Standard Time), on 21 st December 2016 to Production Department, No.2 Heavy Industrial Enterprise, Ministry of Industry, Office No.41, Nay Pyi Taw, The Republic of the Union of Myanmar.

Interested entities can take over the EOI Form and other indications at above office commencing from (25-11-2016) by presenting the document of company profile.

**Document of company profile**

- Valid Certificate of Incorporation
- Record and Regulation of Company
- Name of Foreign's Techanical Cooperator

(For more information:
Please Contact: 067-408183, 067-408204)

## စပျစ်သီးစိုက်ပျိုးထုတ်လုပ်သူများအတွက် စပျစ်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာထောက်ပံ့ပေး



စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနသည် PUM Netherlands Senior Experts အဖွဲ့နှင့်ချိတ်ဆက်၍ အောက်တိုဘာလ ၂၆ ရက်နေ့မှနိုဝင်ဘာလ ၄ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်နှင့်ပြင်ဦးလွင်ခရိုင်တို့တွင် စပျစ်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာပံ့ပိုးခြင်းများဆောင်ရွက်ခဲ့သည်။

PUM Netherlands Senior Experts အဖွဲ့မှ စပျစ်ကျွမ်းကျင်ပညာရှင် ဒေါက်တာ Mrs. Anne Westendorp သည် အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရမည်းသင်းခရိုင်ရှိ စပျစ်ခြံများသို့သွားရောက်၍ စပျစ်ခြံလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ပြီး ရမည်းသင်းခရိုင်၊ ရွာတန်းကျေးရွာတွင် စပျစ်သီးထုတ်

**စာမျက်နှာ ၁၂ သို့ -**

## စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ) ကြီးကြပ်မှုအောက်ရှိ ရာဘာပစ္စည်းစက်ရုံခွဲ (သဃ်နီးကျွန်း) တွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်း

## (Expression of Interest)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ) ကြီးကြပ်မှုအောက်ရှိ ရာဘာပစ္စည်းစက်ရုံခွဲ (သဃ်နီးကျွန်း) ကိုစိတ်ပါဝင်စားသူ ပြည်တွင်း/ ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့်ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest-EOI) ကို **စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့လိပ်မူလျက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့၊ (၁၆း၃၀) နာရီ (မြန်မာစံတော်ချိန်)** အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (EOI) ပုံစံနှင့်အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများပြသ၍ အထက်ပါလိပ်စာတွင် (၇. ၁၂. ၂၀၁၆) ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ပြရမည့်ကုမ္ပဏီဆိုင်ရာအထောက်အထားများ**

(က) သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ သင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း

(ခ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

ဆက်သွယ်ရန်ဖုန်း ၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈